# ချင်းပြည်ကောင်စီ (Chinland Council) ဖွဲ့စည်းခြင်းကို

# လေ့လာသုံးသပ်ခြင်း

**နိဒါန်း**

ချင်းပြည်ကောင်စီ (Chinland Council) ကို ၂၀၂၃ ဒီဇင်ဘာလ (၄) ရက်နေ့မှ (၇) ရက်နေ့အထိ ကျင်းပခဲ့သော ချင်းပြည်ကောင်စီညီလာခံကြီးတွင် ဖွဲ့စည်းထူထောင်နိုင်ခဲ့ခြင်းသည် ချင်းသမိုင်းတွင် ကြီးမားသော နိုင်ငံရေး သမိုင်းမှတ်တိုင်တခုကို စိုက်ထူနိုင်ခြင်းပင်ဖြစ်ပါသည်။ ချင်းပြည်ကောင်စီ (Chinland Council)က ချင်းပြည် ဖွဲ့စည်းပုံအခြေခံဥပဒေ (Chinland Constitution) ကို ရေးဆွဲပြဋ္ဌာန်းပြီး ထိုဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက် များနှင့်အညီ ချင်းလူမျိုးတို့၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ကျင့်သုံး၍ ချင်းပြည်လွှတ်တော်၊ ချင်းပြည်အစိုးရနှင့် ချင်း ပြည်တရားလွှတ်တော်ချုပ်တို့ကို ဖွဲ့စည်းနိုင်ခြင်းသည်လည်း ချင်းလူမျိုးတို့အတွက် အလွန်ကြီးမားသော နိုင်ငံရေးခြေလှမ်းသစ်တရပ်ပင်ဖြစ်ပါသည်။ ယင်းသည် ၁၈၉၆ ခုနှစ်တွင် ချင်းပြည် (Chinland) ကို ဗြိတိသျှ နယ်ချဲ့တို့က တိုက်ခိုက်သိမ်းပိုက်ခဲ့သည့်အချိန်မှ ယနေ့တိုင် လက်လွှတ်ဆုံးရှုံးခဲ့သော ချင်းလူမျိုးတို့၏ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် အခွင့်အရေးကို ပြန်လည်ကျင့်သုံးနိုင်ခြင်းပင်ဖြစ်ပါသည်။

သို့ရာတွင် ထိုမျှကြီးမားသော နိုင်ငံရေးမှတ်တိုင်များကို စိုက်ထူနေချိန်တွင် ချင်းပြည်ကောင်စီ (Chinland Council) တွင် အပြည့်အဝ ပါဝင်နိုင်ခြင်းမရှိသေးသော အစုအဖွဲ့အနည်းငယ်တို့၏ ကန့်ကွက်မှု ကြောင့် နွေဦးတော်လှန်ရေးတွင် ပါဝင်နေကြသော အင်အားစုများအကြား အမြင်ရှုပ်ထွေးမှုများ ရှိစေပါသည်။ အမှန်စင်စစ် ချင်းပြည်ကောင်စီ (Chinland Council) ကို ဖွဲ့စည်းနိုင်ခြင်းသည် နွေဦးတော်လှန်ရေး၏ အန္တိမ ပန်းတိုင်ဖြစ်သော ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ အပြည့်အဝ ရှိသော ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေးကို အထောက်အကူဖြစ်စေမည့် တော်လှန်ရေး ခြေလှမ်းတရပ်ဖြစ်သောကြောင့် အများက ဝိုင်းဝန်းထောက်ခံသင့်ကြောင်း ဤစာတမ်းတွင်ရေးသားတင်ပြသွား မည်ဖြစ်ပါသည်။

ထိုသို့ရေးသားတင်ပြရာတွင် ကြားကာလချင်းအမျိုးသားအတိုင်ပင်ခံကောင်စီ (ICNCC) နှင့် ချင်းပြည် ကောင်စီ (Chinland Council) ဖွဲ့စည်းနိုင်ရေးအတွက် အစပျိုး ကြိုးပမ်းဆောင်ရွက်ပေးခဲ့သော ချင်းအမျိုးသား တပ်ဦး (CNF) ၏ ရည်ရွယ်ချက်နှင့် လုပ်ဆောင်ချက်များကို ဗဟိုပြု၍ တင်ပြသွားမည်ဖြစ်ပါသည်။

## ချင်းအမျိုးသားတပ်ဦး (CNF) ၏ ရည်ရွယ်ချက်နှင့် ကြိုးပမ်းမှုများ

ချင်းအမျိုးသားတပ်ဦး (CNF) သည် ၁၉၈၈ ခုနှစ်တွင် ဖြစ်ပွားခဲ့သော ရှစ်လေးလုံးဒီမိုကရေစီ အရေး တော်ပုံကြီးကာလတွင် ဖွဲ့စည်းထူထောင်ခဲ့သည့် ချင်းလူမျိုးတို့၏ နိုင်ငံရေးနှင့် တော်လှန်ရေး ဦးဆောင်ပါတီ တခုဖြစ်ပါသည်။ ချင်းအမျိုးသားတပ်ဦး (CNF) ၏ ရည်မှန်းချက်ပန်းတိုင်သည်-

(၁) အမျိုးသားကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသော ချင်းပြည် (Chinland) တည်ဆောက်ရန်

(၂) နိုင်ငံရေးနှင့် အမျိုးသားတန်းတူရေးအာမခံချက်ရှိသော ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်ရန်

(၃) ဒီမိုကရေစီစနစ် တည်ဆောက်ရန်တို့ပင်ဖြစ်ပါသည်။

ထိုရည်မှန်းချက်ပန်းတိုင်များနှင့်အညီ ချင်းအမျိုးသားတပ်ဦး၏ နွေဦးတော်လှန်ရေးကာလရပ်တည်ချက်များကိုလည်း အောက်ပါအတိုင်း ချမှတ်ထားပါသည်။

(က) စစ်အာဏာရှင်စနစ်အပါအဝင် အာဏာရှင်စနစ်မှန်သမျှ အပြီးသတ် တိုက်ခိုက်ချေမှုန်းရေးအတွက် တိုင်းရင်းသားတော်လှန်ရေးအဖွဲ့များ၊ နွေဦးတော်လှန်ရေးတွင် ပါဝင်နေကြသော တော်လှန်ရေးအင်အားစုများနှင့် လက်တွဲတိုက်ပွဲဝင်ရမည်။

(ခ) ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အာဏာသက်ရောက်မှုအားလုံးကို အပြီးတိုင်ဖျက်သိမ်းရမည်။

(ဂ) အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုတွင် လက်နက်ကိုင်တပ်ဖွဲ့အားလုံးကို ဒီမိုကရေစီနည်းကျရွေးကောက်တင်မြှောက်ထားသော အရပ်သားအစိုးရ၏ စီမံခန့်ခွဲမှုအောက်တွင် အပြည့်အဝထားရှိရမည်။

(ဃ) ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် အစိတ်အပိုင်း (၁) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ အပြည့်အဝအာမခံချက်ပေးနိုင်သော ဖက်ဒရယ်ပြည်ထောင်စုထူထောင်ရမည်။

(င) "ချင်းလဲန်းဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၂၃)" ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ချင်းလဲန်း၏ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများကို တော်လှန်ရေးကာလတွင် အပြည့်အဝကျင့်သုံးရမည်။

(စ) ချင်းလဲန်းတည်ဆောက်ရေးနှင့် ချင်းအမျိုးသားတည်ဆောက်ရေးကို "ချင်း" ဟူသည့် အမျိုးသားစုစည်းမှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

(ဆ) ချင်းအမျိုးသားတပ်မတော်နှင့် ဒေသန္တရကာကွယ်ရေးတပ်ဖွဲ့များကို ချင်းလဲန်းအစိုးရအဖွဲ့ ကာကွယ်ရေးဝန်ကြီးဌာန၏ တိုက်ရိုက်ကြီးကြပ် ကွပ်ကဲမှုအောက်တွင် ထားရှိရမည်။

(ဇ) အာဏာသိမ်းစစ်ကောင်စီကို အပြီးသတ်ဖယ်ရှားပြီးနောက် အသွင်ကူးပြောင်းရေးကာလ ရောက်ရှိသည့်အခါ ချင်းပြည်သူလူထုတရပ်လုံးပါဝင်သော လူထုညီလာခံကို ခေါ်ယူကျင်းပပြီး "ချင်းလဲန်းဖွဲ့စည်းပုံအခြေခံဥပဒေ" ကို ချင်းလူထု ဆန္ဒသဘောထားဖြင့် ရေးဆွဲပြဋ္ဌာန်းရမည်။

## ကြားကာလချင်းအမျိုးသားအတိုင်ပင်ခံကောင်စီ (ICNCC) ဖွဲ့စည်းခြင်းနှင့် ကြုံတွေ့ရသော စိန်ခေါ်မှုများ

ချင်းအမျိုးသားတပ်ဦးသည် ချင်းတမျိုးသားလုံး ပူးပေါင်းပါဝင်သော ပြည်သူ့တော်လှန်ရေးကို ဖော်ဆောင်ရင်း နှစ်ပေါင်း (၃၆) နှစ်ကြာ တိုက်ပွဲဝင်နေသည့် ချင်းလူမျိုးတို့၏ ဦးဆောင်နိုင်ငံရေးပါတီတခုဖြစ်ပါသည်။ ထို့ ကြောင့် နွေဦးတော်လှန်ရေးဖြစ်ပေါ်သည်နှင့်တပြိုင်တည်း ချင်းတမျိုးသားလုံး စုစည်းညီညွတ်စွာ ပြည်သူ့တော်လှန်ရေးတွင် ပူးပေါင်းပါဝင်ရေးကို အစွမ်းကုန်ကြိုးပမ်းခဲ့ပါသည်။

ချင်းအမျိုးသားတပ်ဦး၏ အစပျိုးကြိုးပမ်းမှုကြောင့် "ကြားကာလချင်းအမျိုးသားအတိုင်ပင်ခံကောင်စီ" (ICNCC) ကို ၂၀၂၁ ခုနှစ်၊ ဧပြီလ (၁၃) ရက်နေ့တွင် ဖွဲ့စည်းနိုင်ခဲ့ပါသည်။ ၂၀၂၁ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် ထုတ်ပြန်ခဲ့သော ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်ပြဋ္ဌာန်းချက်နှင့်အညီ "အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ" (NUCC) ၏ စုဖွဲ့မှုများနှင့် လိုက်လျောညီထွေဖြစ်စေရန် "ချင်းချာတာ" (Chin Charter) မူကြမ်းတခုကို ချင်းအမျိုးသားတပ်ဦးက ပြုစုပြီး ICNCC ဖွဲ့စည်းနိုင်ရေးအတွက် တင်ပြခဲ့ပါသည်။ (သို့ရာတွင် ယင်းချင်းချာတာကို ယနေ့အထိ အတည်ပြုပြဋ္ဌာန်းနိုင်ခြင်း မရှိပါ။)

ချင်းအမျိုးသားတပ်ဦးက တင်ပြခဲ့သော ICNCC စုဖွဲ့မှုတွင်-

(၁) တော်လှန်ရေးတွင် တက်ကြွစွာပါဝင်ကြသော ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များ

(၂) ချင်းအမျိုးသားတပ်ဦး

(၃) နိုင်ငံရေးပါတီများ

(၄) နွေဦးတော်လှန်ရေးတွင် တက်ကြွစွာ ပါဝင်နေကြသောအရပ်ဖက်လူ့အဖွဲ့အစည်းများ၊ CDM များနှင့် သပိတ်တပ်ဖွဲ့များ

(၅) နိုင်ငံတကာတွင် ရောက်ရှိနေကြသော ချင်းအဖွဲ့အစည်းများ ပါဝင်ကြရမည်ဟု အဆိုပြုတင်ပြထားပါသည်။

ထို့အပြင် ICNCC ကို ဖွဲ့စည်းထူထောင်ပြီးနောက် ချင်းပြည်အစိုးရကို ဖွဲ့စည်းပြီး ကြားကာလချင်းပြည်အစိုးရ၏ ကာကွယ်ရေးဝန်ကြီးအောက်တွင် ဒေသအလိုက်ဖွဲ့စည်းထားသော ချင်းပြည်ကာကွယ်ရေးတပ်ဖွဲ့ (CDF) များကို စနစ်တကျ စုစည်းထားရမည်ဟု အဆိုပြုတင်ပြခဲ့ပါသည်။

သို့ရာတွင် ချင်းအမျိုးသားတပ်ဦး (CNF) အဆိုပြုတင်ပြခဲ့သည့်အတိုင်း ICNCC ကို စုဖွဲ့နိုင်ခြင်းမရှိခဲ့ပါ။ နိုင်ငံတကာရောက်ချင်းအဖွဲ့အစည်းများ ပူးပေါင်းပါဝင်နိုင်ရေးကို အနည်းငယ်သောလွှတ်တော်အမတ်များက ကန့်ကွက်ခဲ့ကြသည်။ ထို့ကြောင့် ၂၀၂၁၊ ဧပြီလ (၁၃) ရက်နေ့တွင် ဖွဲ့စည်းခဲ့သော ICNCC တွင် (၁) လွှတ်တော်အစုအဖွဲ့ (၂) ချင်းအမျိုးသားတပ်ဦးနှင့် (၃) နိုင်ငံရေးပါတီ (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်) တို့ဖြင့် စတင်ဖွဲ့စည်းထူထောင်ခဲ့ပါသည်။ ကျန်အစုအဖွဲ့များ ပါဝင်ရေးကို ဆက်လက်ဆွေးနွေးရန် သဘောတူခဲ့ကြပါသည်။

ICNCC အနေဖြင့် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) နှင့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) တို့၌ ပူးပေါင်းဆောင်ရွက်မှု အတိုင်းအတာတခုအထိ အောင်မြင်စွာဆောင်ရွက်နိုင်ပါသော်လည်း ၂၀၂၁ ကုန်ခါနီးအထိ CNF က အဆိုပြုခဲ့သည့်အတိုင်း အစုအဖွဲ့အားလုံးပါဝင်၍ အိမ်ပြည့်ဖွဲ့စည်းနိုင်ခြင်း မရှိခဲ့ပါ။ နောက်ပိုင်းတွင် နိုင်ငံရေးပါတီအစုအဖွဲ့မှ “ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်” (CNLD) နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် (၉) မြို့နယ်မှ အရပ်ဖက်အဖွဲ့အစည်းကိုယ်စားလှယ်များ ပူးပေါင်းပါဝင်နိုင်ခဲ့သည်။ သို့ရာတွင် ချင်းပြည်နယ်ပြင်ပရှိ ချင်းအရပ်ဖက်အဖွဲ့အစည်းများနှင့် နိုင်ငံတကာရောက်ချင်းအဖွဲ့အစည်းများ ပူးပေါင်းပါဝင်ရေးကို ဆောင်ရွက်နိုင်ခြင်းမရှိပါ။ ယင်းသည် နွေဦးတော်လှန်ရေးတွင် ရံပုံငွေအများဆုံးပံ့ပိုး၍ နည်းပညာအထောက်အကူများကို အများဆုံးပေးနိုင်သောအင်အားစုများ ချန်လှပ်ထားခြင်းဖြစ်၍ ICNCC ကို များစွာအားနည်းသွားစေခဲ့ပါသည်။

ထို့အပြင် ကြားကာလချင်းပြည်အစိုးရကိုလည်း အချိန်မီဖွဲ့စည်းနိုင်ခြင်းမရှိသောကြောင့် မြေပြင်တွင် အသက်ပေးတိုက်ပွဲဝင်နေကြသော ဒေသအသီးသီးမှ ချင်းပြည်ကာကွယ်ရေးတပ်ဖွဲ့များ (Chinland Defense Force) ကို စနစ်တကျစုစည်းပေးနိုင်ခြင်း မရှိခဲ့ပေ။ ထို့ကြောင့် တော်လှန်ရေးလိုအပ်ချက်နှင့် မြေပြင်အခြေအနေတောင်းဆိုချက်ကြောင့် ချင်းအမျိုးသားတပ်ဦး (CNF) ဦးဆောင်မှုဖြင့် “ချင်းပြည်ကာကွယ်ရေးတပ်ဖွဲ့များပူးတွဲကော်မတီ” (Chinland Joint Defense Committee-CJDC) ကို ၂၀၂၁၊ စက်တင်ဘာလ (၂၈-၃၀) ရက်တွင် ဖွဲ့စည်းထူထောင်ခဲ့ပါသည်။

CJDC ကို ဖွဲ့စည်းထူထောင်ပြီးနောက် ချင်းချာတာရေးဆွဲရေးလုပ်ငန်း စနစ်တကျပြန်လည်ဆွေးနွေးမှုများ လုပ်လာခဲ့ပါသည်။ ထိုကာလတွင် ICNCC နှင့် CJDC အကြား ဆွေးနွေးမှုက ပိုများပါသည်။ ချင်းအမျိုးသား

တပ်ဦး (CNF) သည် ထိုကာလတွင် မြေပြင်တိုက်ပွဲများ အလွန်ပြင်းထန်ပြီး စစ်ရေးတွင် အချိန်ပြည့်အာရုံစိုက်ရန် လိုအပ်သည့်ကာလဖြစ်သောကြောင့် ထိုချင်းချာတာဆွေးနွေးပွဲများတွင် အချိန်ပြည့်ပါဝင်နိုင်ခြင်း အားနည်းသွားခဲ့ပါသည်။ ထိုချင်းချာတာညှိနှိုင်းရေးဖြစ်စဉ်တွင် CJDC ဘက်မှ ချင်းချာတာအစား "ချင်းပြည်- Chinland ဖွဲ့စည်းပုံအခြေခံဥပဒေ" ကိုသာရေးဆွဲသင့်ကြောင်း အဆိုပြုတင်ပြလာခဲ့ကြပါသည်။

၂၀၂၂ ခုနှစ်နှစ်ဆန်းပိုင်းမှစ၍ မြေပြင်တော်လှန်ရေးအခြေအနေနှင့် အချိန်အခါတို့၏တောင်းဆိုချက်ကြောင့် ချင်းပြည်ဒေသအသီးသီးကို အခြေခံ၍ ဖွဲ့စည်းထားသော "ချင်းပြည်ကာကွယ်ရေးတပ်ဖွဲ့များ" (Chinland Defense Force) များသည် ကာကွယ်ရေးတာဝန်သာမက သက်ဆိုင်ရာဒေသအသီးသီး၏ အုပ်ချုပ်ရေးတာဝန်များကိုပါ ပူးတွဲထမ်းဆောင်လာကြပါသည်။ ထို့ကြောင့် ICNCC စုဖွဲ့မှုကိုအခြေခံ၍ ကြားကာလချင်းပြည်အစိုးရဖွဲ့စည်းခြင်းသည် မြေပြင်အခြေအနေနှင့် လုံးဝကိုက်ညီခြင်းမရှိသော အခြေအနေကို ရောက်ရှိသွားခဲ့ပါသည်။

## ချင်းပြည်ကောင်စီ (Chinland Council) ကို ဖွဲ့စည်းရန် ကြိုးပမ်းမှုအဆင့်ဆင့်

Chinland Council ဖွဲ့စည်းရန် စတင်၍လမ်းကြောင်းဖော်ပေးသော အစည်းအဝေးသည် ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ (၂၆-၂၇) ရက်များတွင် ကျင်းပခဲ့သည့် ICNCC နှင့် CJDC တို့၏ပူးတွဲအစည်းအဝေးဖြစ်သည်ဟု သုံးသပ်နိုင်ပါသည်။ ထိုအစည်းအဝေး၏ရည်ရွယ်ချက်မှာ ICNCC ဘက်က တင်ပြထားသော Chin Charter နှင့် CJDC ဘက်မှတင်ပြထားသော Chin Constitution ကို ညှိနှိုင်းဆွေးနွေးရန် ခေါ်ယူထားသောအစည်းအဝေး ဖြစ်ပါသည်။[၁] ထိုအစည်းအဝေးနောက်ပိုင်းတွင် ICNCC နှင့် CJDC အကြား Chin Charter နှင့် Chinland Constitution ညှိနှိုင်းရေးအစည်းအဝေးများကို (၅) လကျော် (၆) လနီးပါးမျှ ဆက်လက်ကျင်းပနိုင်ခဲ့ပါသည်။

၂၀၂၃ မတ်လ (၂၀) ရက်နေ့တွင် ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ် (၆) ဦးနှင့် CNF ဥက္ကဋ္ဌပါဝင်သော ခေါင်းဆောင် (၁၆) ဦးတို့ အားလုံးပါဝင်နိုင်သည့် နိုင်ငံရေး Platform ဝိုင်းဝန်းဖော်ဆောင်ရန် ကနဦးအစည်းအဝေးတရပ် ကျင်းပနိုင်ခဲ့ပါသည်။ ထိုကနဦးအစည်းအဝေးတွင် အောက်ပါသဘောတူညီချက် (၄) ရပ်ကို ရရှိနိုင်ခဲ့ပါသည်။ ယင်းတို့မှာ-

(၁) တော်လှန်ရေးကာလတွင် သူ့ဘက်ကိုယ့်ဘက် မတည်ဆောက်ဘဲ ချင်းအမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ချင်းပြည်အရေးကို အားလုံးကဝိုင်းဝန်းတည်ဆောက်ရန်

(၂) ချင်းပြည်အစိုးရဖွဲ့စည်းရာတွင် အဖွဲ့အစည်းတခုက ရေးဆွဲထားသည့် Blue print ကို အခြေမခံဘဲ အားလုံးစုစည်းရေးဆွဲထားသော Blue print ဖြင့် အားလုံးပါဝင်သည့် ချင်းပြည်အစိုးရကို ဖွဲ့စည်းရန်

(၃) ဖက်ဒရယ်ပြည်ထောင်စုကို အခြားတိုင်းရင်းသားညီအစ်ကိုများနှင့် ဝိုင်းဝန်းတည်ဆောက်ရန်

(၄) Supremacy of Civilian Authority ကို ကျင့်သုံးရန်တို့ဖြစ်ပါသည်။

---

၁။ ထိုအစည်းအဝေးကျင်းပသည့်အချိန်မှ Chinland Council တရားဝင်ဖွဲ့စည်းနိုင်သည်အထိ ကျင်းပသော အစည်းအဝေးများတွင် မိမိကိုယ်တိုင် ပါဝင်တက်ရောက်နိုင်ခြင်းမရှိခဲ့ပါ။ ထို့ကြောင့် ထိုကာလ နိုင်ငံရေး တိုးတက်ဖြစ်ပေါ်ပြောင်းလဲမှုများကို အသေးစိတ်သိလိုပါက ဒေါက်တာဝိုင်းတမ်မောင်းတင်ပြထားသည့် "အားလုံးပါဝင်နိုင်ရေး Platform ဖော်ဆောင်ခြင်း (သို့မဟုတ်) ICNCC မှ ချင်းပြည်ကောင်စီသို့အရွေ့" ဆိုသည့် စာတမ်းငယ်ကို ဖတ်ရှုကြပါရန် တိုက်တွန်းအပ်ပါသည်။

CNF ခေါင်းဆောင်များနှင့် ကနဦးတွေ့ဆုံခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်များက အခြားလွှတ်တော်ကိုယ်စားလှယ်များကို ပြန်လည်ရှင်းလင်းသည့်အခါ CNF နှင့် တရားဝင်တွေ့ဆုံရန် လွှတ်တော်ကိုယ်စားလှယ်များ သဘောတူခဲ့ကြောင်း၊ အမျိုးသားညီညွတ်ရေးအစိုးရ၏ လူသားချင်းစာနာထောက်ထားရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဝန်ကြီးဌာန- ဒုတိယဝန်ကြီးဒေါက်တာငိုင်းတမ်မောင်းက ရေးသားအစီရင်ခံခဲ့သည်။ ထို့ကြောင့် ၂၀၂၃၊ မေလ (၄-၅) ရက်များတွင် ချင်းပြည်နယ် မြို့နယ် (၉) မြို့နယ်အနက် (၈) မြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ် (၁၆) ဦးနှင့် CNF ဥက္ကဋ္ဌ အပါအဝင် ခေါင်းဆောင် (၁၃) ဦးကို ပထမအကြိမ် အစည်းအဝေးတရားဝင်ကျင်းပနိုင်ခဲ့ပါသည်။

## ပထမအကြိမ်အစည်းအဝေးမှ ချင်းပြည်ကောင်စီညီလာခံအထိ လုပ်ရှားမှုများ

[ပထမအကြိမ်တရားဝင်အစည်းအဝေးမှ Chinland Council ပေါ်ပေါက်လာသည့် ချင်းပြည်ကောင်စီညီလာခံအထိ ဖော်ပြချက်များသည် Dr. Ngai Tam Maung ရေးသားသည့်အတိုင်း တိုက်ရိုက်ကိုးကားထားပါသည်။]

ချင်းအမျိုးသားတပ်ဦး (CNF) နှင့် ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များ၏ ပထမအကြိမ်အစည်းအဝေးတွင် အောက်ပါသဘောတူညီချက် (၃) ရပ်ကို ရရှိခဲ့ပါသည်။ ယင်းတို့မှာ-

၁။ မည်သူကမျှ Initiative Role မယူဘဲ ICNCC တွင် ပါဝင်နေသူများ၊ CJDC တွင် ပါဝင်နေသူများ၊ မြို့နယ်/ ဒေသအုပ်ချုပ်ရေးအဖွဲ့များနှင့် CNF တို့ ပူးပေါင်းလျက် ချင်းပြည် (Chinland) ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတို့ကို ဝိုင်းဝန်းအကောင်အထည်ဖော်ရန်၊

၂။ အားလုံးပါဝင်သော Platform ဖော်ဆောင်ရေးအတွက် ချင်းလွှတ်တော်ကိုယ်စားလှယ်များ၊ ချင်းအမျိုးသားတပ်ဦးနှင့် မြို့နယ်/ ဒေသအုပ်ချုပ်ရေးနှင့် ကာကွယ်ရေးခေါင်းဆောင်များပါဝင်သည့် မျက်နှာစုံညီအစည်းအဝေး ကျင်းပပြုလုပ်ရန်၊

၃။ ထို Platform အတွက် Frame အဖြစ် CNF နှင့် MP များက ပဋိညာဉ်/ အခြေခံဥပဒေ Zero Draft ရေးဆွဲ၍ အကြိုညှိနှိုင်းအစည်းအဝေးသို့ ယူဆောင်သွားရန်၊

၂၀၂၃ ခုနှစ်၊ ဇွန်လ (၃၀) - ဇူလိုင် (၂) တွင် လွှတ်တော်ကိုယ်စားလှယ်များနှင့် CNF ဒုတိယအကြိမ်တွေ့ဆုံခြင်းအဖြစ် လွှတ်တော်ကိုယ်စားလှယ် ၁၆ ဦးနှင့် CNF ၁၀ ဦးတို့ တွေ့ဆုံပြီး အားလုံးပါဝင်နိုင်သည့် Platform အတွက် Frame အဖြစ် CNF နှင့် MP များ ယူလာသည့် ချင်းအမျိုးသားပြည်နယ် ပဋိညာဉ်နှင့် CNF ယူလာသည့် Chinland Constitution concept note တို့ Single text တခုဖြစ်အောင် စတင်ညှိနှိုင်းရေးဆွဲကြသည်။ ထို Single text ကို Zero draft အဖြစ် အကြိုညှိနှိုင်းအစည်းအဝေးသို့ ယူဆောင်သွားရန်ဖြစ်သည်။

၂၀၂၃ ခုနှစ်၊ ဩဂုတ်လ (၅-၆) တွင် လွှတ်တော်ကိုယ်စားလှယ်များနှင့် CNF တတိယအကြိမ် တွေ့ဆုံဆွေးနွေးခြင်းအဖြစ် လွှတ်တော်ကိုယ်စားလှယ် ၁၂ ဦးနှင့် CNF ခေါင်းဆောင် ၇ ဦးတို့တွေ့ဆုံပြီး-

၁။ တော်လှန်ရေးကာလ ချင်းပြည် (Chinland) ဖွဲ့စည်းပုံအခြေခံဥပဒေ Zero draft ကို အချောသတ်ကြသည်။ အထွေထွေပြဋ္ဌာန်းချက်တွင် “ဤဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုသည့်နေ့မှစ၍ ချင်းပြည် (Chinland) ကောင်စီသည် ကြားကာလ ချင်းအမျိုးသားအတိုင်ပင်ခံကောင်စီ (ICNCC) နှင့် ၎င်း၏ လုပ်ငန်းတာဝန်များကို လွှဲပြောင်းဆက်ခံသည်ဟု မှတ်ယူရမည်” ဟု ထည့်သွင်းသင့်ကြောင်း ဖလမ်းအမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးဟဲဒွန်က အဆိုတင်သွင်း၍ အခြေခံဥပဒေ Zero draft တွင် ထိုအတိုင်းဖော်ပြရန် သဘောမျှကြသည်။ ထို Zero draft ကို ယူဆောင်သွား၍ ချင်းလွှတ်တော်ကိုယ်စား

လုယ်များ၊ ချင်းအမျိုးသားတပ်ဦးနှင့် မြို့နယ်/ဒေသအုပ်ချုပ်ရေးနှင့် ကာကွယ်ရေးခေါင်းဆောင်များ အကြိုညှိနှိုင်းအစည်းအဝေးကျင်းပရန် သဘောတူကြသည်။

၂။ အားလုံးပါဝင်သော Platform စတင်ဖော်ဆောင်ရေးအတွက် ချင်းလွှတ်တော်ကိုယ်စားလှယ်များ၊ CNF/CAN နှင့် မြို့နယ်/ ဒေသအုပ်ချုပ်ရေးနှင့် ကာကွယ်ရေးခေါင်းဆောင်များ အကြိုညှိနှိုင်းအစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၇-၉) ရက်တွင် နယ်စပ်တနေရာ၌ ကျင်းပရန် သဘောတူကြသည်။

၃။ အကြိုညှိနှိုင်းအစည်းအဝေးအတွက် မြို့နယ်/ ဒေသကိုယ်စားလှယ်ဦးရေအချိုး (၂း၄း၆ - ဒေသ၊ ဒေသရှိမြို့နယ်၊ ဒေသမရှိမြို့နယ်) သတ်မှတ်ကြသည်။

၄။ အကြိုညှိနှိုင်းအစည်းအဝေးကျင်းပရေးကော်မတီကို ဖွဲ့စည်းကြသည်။

**မှတ်ချက်။** လွှတ်တော်ကိုယ်စားလှယ်များသည် CNF နှင့် ဒုတိယအကြိမ်တွေ့ဆုံဆွေးနွေးပြီးသည့်အခါ၌သော်လည်းကောင်း၊ တတိယအကြိမ်တွေ့ဆုံဆွေးနွေးပြီးသည်အခါ၌သော်လည်းကောင်း တွေ့ဆုံဆွေးနွေးမှုဆိုင်ရာ update sharing ကို ICNCC ပုံမှန်အစည်းအဝေးများတွင် ၂ ကြိမ်ပြန်လည်တင်ပြခဲ့သည်။

## အားလုံးပါဝင်နိုင်သည့် Platform ဖော်ဆောင်ရေးအတွက် အကြိုညှိနှိုင်းအစည်းအဝေး ကျင်းပခြင်း

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၇-၉) တွင် CDF Tonzang (တွန်းဇံမြို့နယ်), CDF/CDM Siyin (တီးတိန်မြို့နယ်), CDF Hualgoram (ဖလမ်းမြို့နယ်), CDF Hakha Council (ဟားခါးမြို့နယ်), CDF Thantlang (ထန်တလန်မြို့နယ်), CDF Zophei (ထန်တလန်မြို့နယ်), CDF Mara (မတူပီမြို့နယ်), CNC Mindat (မင်းတပ်မြို့နယ်), Kanpetlet Township Council (ကန်ပက်လက်မြို့နယ်), PADC Paletwa (ပလက်ဝမြို့နယ်), CDF Daai (ပလက်ဝမြို့နယ်), CNF နှင့် ချင်း MP များ စသည့် အဖွဲ့ (၁၆) ဖွဲ့မှ ကိုယ်စားလှယ်ပေါင်း (၁၀၈) ဦး တက်ရောက်သည့် အကြိုညှိနှိုင်းအစည်းအဝေးကို ကျင်းပ၍-

၁။ MP များနှင့် CNF တို့ ယူဆောင်လာသည့် ကိုယ်စားလှယ်များ၏ တော်လှန်ရေးကာလ ချင်းပြည် (Chinland) ဖွဲ့စည်းပုံအခြေခံဥပဒေ Zero draft အပေါ် အစည်းအဝေး တက်ရောက်လာသည့် ကိုယ်စားလှယ်များ၏ သဘောထားမှတ်ချက်များ စုစည်းကြသည်။

၂။ ချင်းပြည် (Chinland) ကောင်စီဖွဲ့စည်းရန်နှင့် ၎င်းကိုအကောင်အထည်ဖော်ရန် Working Committee ကို မြို့နယ်/ ဒေသများမှ ကိုယ်စားလှယ် (၁) ဦးစီ၊ MP များ တမြို့နယ် (၁) ဦးစီနှင့် CNF (၅) ဦးဖြင့် ဖွဲ့စည်းရန်။

၃။ Working Committee က -

က။ CNF နှင့် Chin MPs မှ ရေးဆွဲထားသည့် တော်လှန်ရေးကာလ ချင်းပြည် (Chinland) ဖွဲ့စည်းပုံအခြေခံဥပဒေ Zero draft ကို ပယ်ဖျက်/ ပြင်ဆင်/ ဖြည့်စွက်ကာ Draft အဖြစ် ရေးဆွဲရန်နှင့် ညီလာခံကျင်းပရေးတို့ ဆောင်ရွက်ရန်နှင့်

ခ။ ညှိနှိုင်းရေးအဖွဲ့ကို ဖွဲ့စည်း၍ အားလုံးပါဝင်နိုင်ရေးအတွက် အကြိုညှိနှိုင်းအစည်းအဝေး မတက်ရောက်နိုင်ခဲ့သည့် ZFU/ PDF- Zoland နှင့် CNO/ CNDF တို့နှင့် ဆက်လက်ညှိနှိုင်းရန် သဘောတူကြသည်။

**ပထမအကြိမ် Working Committee အစည်းအဝေး ကျင်းပခြင်း**

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၁၂-၂၂) တွင် Working Committee တွင်-

၁။ ညှိနှိုင်းရေးအဖွဲ့ကို အဖွဲ့ဝင် (၆) ဦးဖြင့် ဖွဲ့စည်းခဲ့သည်။ အကြိုညှိနှိုင်းအစည်းအဝေးမတက်လာနိုင်သည့် ZFU/ PDF-Zoland နှင့် CNO/ CNDF တို့ထံ ညှိနှိုင်းရန် စာရေးသားပေးပို့ခဲ့သည်။ မြေပြင်တွင် ပွတ်တိုက်မှုများဖြစ်စေသည့်လုပ်ဆောင်ချက်များကို CNF က ရပ်နားပေးရန် မတူပီမှ တောင်းဆိုမှုကို ညှိနှိုင်းပေးရာ ပြေလည်သွားခဲ့သည်။

၂။ ချင်းပြည် (Chinland) ဖွဲ့စည်းပုံအခြေခံဥပဒေ Zero draft ကို ပယ်ဖျက်/ ပြင်ဆင်/ ဖြည့်စွက်မှုများ ပြုလုပ်ခဲ့သည်။

၃။ ZFU/ PDF-Zoland နှင့် CNO/ CNDF တို့ကမူ ညှိနှိုင်းရေးကိစ္စ အကြောင်းမပြန်ခဲ့ကြချေ။ မင်းတပ်ခရီးစဉ် သတ်မှတ်ပြင်ဆင်ကြသည်။

ပထမအကြိမ် WC အစည်းအဝေးအပြီးတွင် ညှိနှိုင်းရေးအဖွဲ့ မင်းတပ်သို့ ညှိနှိုင်းရေးခရီးသွားရောက်ခဲ့သည်။

**ဒုတိယအကြိမ် Working Committee အစည်းအဝေး ကျင်းပခြင်း**

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ (၂၄-၂၈) တွင် ဒုတိယအကြိမ် Working Committee အစည်းအဝေးကို ကျင်းပပြီး ချင်းပြည် (Chinland) အခြေခံဥပဒေ Zero draft ကို ပယ်ဖျက်/ ပြင်ဆင်/ ဖြည့်စွက်မှုများ ပြုလုပ်ခဲ့သည်။ ZFU/ PDF-Zoland နှင့် CNO/ CNDF တို့နှင့် ညှိနှိုင်းရန် ဆက်လက်ချိတ်ဆက်ကြိုးစားခဲ့သော်လည်း မတွေ့ဆုံနိုင်သေးဟုသာ အကြောင်းပြန်ခဲ့ကြသည်။

**တတိယအကြိမ် Working Committee အစည်းအဝေး ကျင်းပခြင်း**

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ (၂၇) ရက်တွင် တတိယအကြိမ်အစည်းအဝေး အစပြုသည့်နေ့မှာပင် မပါဝင်လာသေးသည့်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးနိုင်ရေးကို အလေးပေးဆွေးနွေးကြပြီး ZFU/ PDF-Zoland နှင့် CNO/ CNDF တို့ကို ပြန်လည်ချိတ်ဖိတ်ခေါ်ရာ ZFU/ PDF-Zoland နှင့် CNO/ CNDF တို့ဘက်က တွေ့ဆုံညှိနှိုင်းရန် သဘောတူကြကြောင်း အကြောင်းပြန်လာကြ၍ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ (၁) ရက်နေ့တွင် ICNCC နှင့် Zoom ဖြင့်တွေ့ဆုံရန်လည်းကောင်း၊ CNO နှင့် ZFU တို့ကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ (၂) ရက်နေ့တွင် လူချင်းသို့မဟုတ် Zoom ဖြင့် တွေ့ဆုံရန်လည်းကောင်း ဆုံးဖြတ်ကြသည်။ သို့သော် မတွေ့ဆုံရန် ပြန်လည်ဆုံးဖြတ်ကြောင်း ကြားသိရပြန်သည်။ ထို့ကြောင့် ဒီဇင်ဘာ (၂) ရက်အထိ တတိယအကြိမ် Working Committee အစည်းအဝေးကျင်းပကာ ချင်းပြည် (Chinland) ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အပြီးသတ် ရေးဆွဲပြီး ထိုဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းပါ အချိုးအစားနှင့်အညီ ချင်းပြည်ကောင်စီညီလာခံကျင်းပရန် ဆုံးဖြတ်စီစဉ်ခဲ့ကြသည်။

**ချင်းပြည်ကောင်စီညီလာခံ ကျင်းပခြင်း**

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာ (၄) ရက်မှာ ဒီဇင်ဘာ (၇) အထိ ချင်းပြည်ကောင်စီညီလာခံကို ကျင်းပပြုလုပ်ရာ အောက်ပါအဖွဲ့အစည်းများမှ ကိုယ်စားလှယ်ပေါင်း (၂၃၅) ဦး တက်ရောက်ခဲ့သည်။

1. CDF Tonzang (တွန်းဇံမြို့နယ်)
2. CDF/ CDM Siyin (တီးတိန်မြို့နယ်)*
3. CDF Hualngoram (ဖလမ်းမြို့နယ်)*
4. CDF Hakha Council (ဟားခါးမြို့နယ်)
5. CDF- ထန်တလန် (ထန်တလန်မြို့နယ်)
6. CDF Zophei (ထန်တလန်မြို့နယ်)
7. CDF Lautu (ထန်တလန်မြို့နယ်)
8. CDF Matupi (မတူပီမြို့နယ်)
9. CDF Zotung (မတူပီမြို့နယ်)
10. CDF Mara (မတူပီမြို့နယ်)
11. Kanpetlet Township Council (ကန်ပက်လက်မြို့နယ်) ကန်ပက်လက်မြို့နယ်ကောင်စီသည် ညီလာခံတက်ရောက်ရန် ဆုံးဖြတ်ကြသော်လည်း အခက်အခဲအချို့ကြောင့် အချိန်မီမတက်လာနိုင်ခဲ့ကြချေ။)
12. PADC Paletwa (ပလက်ဝမြို့နယ်)
13. CDF Daai (ပလက်ဝမြို့နယ်)
14. CNF
15. Chin MP များ
16. နိုင်ငံတကာရောက် ချင်းခေါင်းဆောင်များ (လေ့လာသူအဖြစ် အထူးဖိတ်ကြားထားသူများ)

*တီးတိန်မြို့နယ်မှ ZFU/ PDF-Zoland၊ ဖလမ်းမြို့နယ်မှ CNO/ CNDF နှင့် မင်းတပ်မြို့နယ် CNC-Mindat တို့ မပါဝင်ကြပေ။

ဤညီလာခံတက်ရောက်ခဲ့သည့်အဖွဲ့အစည်းများ၊ မြို့နယ်/ ဒေသများကိုကြည့်လျှင် အားလုံးပါဝင်မှုမရှိခဲ့သော်လည်း ခြုံငုံလွှမ်းခြုံမှုအားကောင်းသည်ကို မည်သူမျှ ငြင်း၍ရမည်မဟုတ်ပေ။ ညီလာခံတွင် တော်လှန်ရေးကာလအတွက် ချင်းပြည် (Chinland) ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုလျက် ထိုဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ချင်းပြည်ကောင်စီနှင့် ချင်းပြည်ကောင်စီဦးဆောင်အဖွဲ့တို့ကို ဖွဲ့စည်းကြသည်။ ထိုမှတဆင့် ယခုဆိုလျှင် ချင်းပြည်အစိုးရနှင့် ချင်းပြည်လွှတ်တော်ကို ဖွဲ့စည်းကြပြီဖြစ်သည်။

ချင်းအမျိုးသားစည်းလုံးရေးကို ဦးထိပ်ထားသည့် ချင်းခေါင်းဆောင်များသည် ပါဝင်သင့်ပါဝင်ထိုက်သူအားလုံးပါဝင်သည့် အခင်းအကျင်းသစ်ကို ဝိုင်းဝန်းဖန်တီး၍ ချင်းပြည်ကောင်စီကို ဝိုင်းဝန်းဖွဲ့စည်းခဲ့ကြသည်။ ICNCC ဖွဲ့စည်းကြောင်းနှင့် ၎င်း၏ရည်ရွယ်ချက်များ ထုတ်ပြန်ရာတွင် ဆက်သွယ်ရန်ပုဂ္ဂိုလ်အဖြစ် မိမိနာမည်နှင့် ဖုန်းနံပါတ်ပေးခဲ့သူသည် အခု ချင်းပြည်အစိုးရ ဝန်ကြီးချုပ်အဖြစ် တာဝန်ယူပေးနေခြင်းက ICNCC ၏ အဓိကအင်အားစုသည်လည်း ချင်းပြည်ကောင်စီထဲ စီးဝင်လာသည့်သက်သေတစ်ခုဖြစ်သည်။ ဆက်လက်စုစည်းရမည်။ ပိုမိုစည်းလုံးကြံ့ခိုင်သော ချင်းအမျိုးသားရေးကို ညှိနှိုင်းပူးပေါင်းခြင်းဖြင့် ဆက်လက်တည်ဆောက်သွားရမည်ဖြစ်သည်။ **[ဒေါက်တာဒိုင်းတမ်မောင်း၏အစီရင်ခံစာမှာ ဤအထိဖြစ်သည်။]**

## ချင်းပြည်ကောင်စီ (Chinland Council) ဖွဲ့စည်းခြင်း

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ (၄) ရက်မှ (၇) ရက်နေ့အထိ ကျင်းပခဲ့သော ချင်းပြည်ကောင်စီညီလာခံတွင် အတည်ပြုပြဋ္ဌာန်းခဲ့သော "ချင်းပြည် (Chinland) ဖွဲ့စည်းပုံအခြေခံဥပဒေ" အရ ချင်းပြည်ကောင်စီကို အောက်ပါအချိုးအစားဖြင့်၊ ကောင်စီဝင်စုစုပေါင်း (၁၄၁) ဖြင့် ဖွဲ့စည်းရန် ဆုံးဖြတ်ထားပါသည်။ ယင်းတို့မှာ-

(၁) ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် ရွေးချယ်တင်မြှောက်ခြင်းခံရပြီး စစ်အာဏာရှင်ဆန့်ကျင်တော်လှန်ရေးတွင် ပူးပေါင်းဆောင်ရွက်နေသော ချင်းလွှတ်တော်ကိုယ်စားလှယ် (၂၇) ဦး

(၂) ချင်းအမျိုးသားတပ်ဦး (CNF) ကိုယ်စားလှယ် (၂၇) ဦး

(၃) မြို့နယ်နှင့် ဒေသအဖွဲ့ ကိုယ်စားလှယ် (၈၆) ဦးတို့ ဖြစ်ပါသည်။

## ချင်းပြည်ကောင်စီ (Chinland Council) ဦးဆောင်အဖွဲ့

ချင်းပြည်ကောင်စီ (Chinland Council) ၏ ကောင်စီဝင်များထဲမှ အောက်ပါပုဂ္ဂိုလ်များဖြင့် ဦးဆောင်အဖွဲ့ကို ဖွဲ့စည်းပါသည်။

| | |
|---|---|
| ၁။ Pu Zing Cung | - ဥက္ကဋ္ဌ |
| ၂။ Salai Min Nyo | - ဒုတိယဥက္ကဋ္ဌ (၁) |
| ၃။ Pu Bawi Kung | - ဒုတိယဥက္ကဋ္ဌ (၂) |
| ၄။ Salai Paul | - အတွင်းရေးမှူး |
| ၅။ Salai Htet Ni | - တွဲဖက်အတွင်းရေးမှူး (၁) |
| ၆။ Pu Tial Ling | - တွဲဖက်အတွင်းရေးမှူး (၂) |
| ၇။ Pi Nleng Kee | - အဖွဲ့ဝင် |
| ၈။ Pu Pyi Men | - အဖွဲ့ဝင် |
| ၉။ Salai Ai Mar | - အဖွဲ့ဝင် |
| ၁၀။ Salai Hram Lian | - အဖွဲ့ဝင် |

၁၁။ Pu Jacob V.Zawma - အဖွဲ့ဝင်

၁၂။ Pu Austin Mon - အဖွဲ့ဝင်

၁၃။ Salai Saw Bi - အဖွဲ့ဝင်

၁၄။ Salai Htun Htun Oo - အဖွဲ့ဝင်

၁၅။ Salai Dickey Lian Bawi - အဖွဲ့ဝင်

၁၆။ Salai Kep Chin Thang - အဖွဲ့ဝင်

၁၇။ Pu Thang Suan Mung - အဖွဲ့ဝင်

၁၈။ Salai James - အဖွဲ့ဝင်

၁၉။ Salai John - အဖွဲ့ဝင်

၂၀။ Kapetlet - အဖွဲ့ဝင်

## ချင်းပြည်အစိုးရ

ချင်းပြည် (Chinland) ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ (ကြားကာလအတွက်) ချင်းပြည်အစိုးရကို အောက်ပါအတိုင်း ဖွဲ့စည်းသည်။

၁။ Pu Pa Thang - ဝန်ကြီးချုပ်

၂။ Dr. Sui Khar - ဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန

၃။ Pu Thawng Za Lian - ဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန

၄။ Pu Robin - ဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန

၅။ Pu Sein Aung - ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

၆။ Salai Cross Thang - ဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန

၇။ Dr. Sharon Par - ဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

၈။ Salai Mana Kee - ဝန်ကြီး၊ လူသားချင်းစာနာထောက်ထားရေးနှင့် ပြန်လည်ထူထောင်ရေးဝန်ကြီးဌာန

၉။ Salai Joseph Lalramlawma - ဝန်ကြီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

၁၀။ Pi Ni Sui Lian - ဝန်ကြီး၊ အမျိုးသမီး၊ လူငယ်နှင့်ကလေးသူငယ်ရေးရာဝန်ကြီးဌာန

၁၁။ Pu Mang Uk Khai - ဝန်ကြီး၊ ဆက်သွယ်ရေးနှင့် နည်းပညာဝန်ကြီးဌာန

၁၂။ Pu Thang Kam Lian - ဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

၁၃။ Pu Maung Oo - ဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

၁၄။ Pu Hmun Rung Lian - ဝန်ကြီး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန

၁၅။ Salai Za Thawng - ဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

၁၆။ Dr. Tial Hnin - ရှေ့နေချုပ်

## ချင်းပြည်လွှတ်တော်

ချင်းပြည် (Chinland) ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်နှင့်အညီ (ကြားကာလအတွက်) ချင်းပြည်လွှတ်တော်ကို အောက်ပါအတိုင်း ဖွဲ့စည်းသည်။

၁။ Pu Hung Naing - လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်

၂။ Pu Lal Min Thang - လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်

၃။ Pu Pa Thang - ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်

၄။ Pi Ni Sui Lian - ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်

၅။ Pu Chan Ham - ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်

၆။ Salai Myo Thait - ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်

၇။ Pu Tial Ling - ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

၈။ Pu Ral Peng - ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

၉။ Salai Men Nyo or Pu Nyunt Win- ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

၁၀။ Pu Sein Aung - ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

၁၁။ Pu C. Za Cung - ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

၁၂။ Pu Ngun Vung - အမျိုးသားလွှတ်တော်ကိုယ်စားလှယ်

၁၃။ Dr. Ngai Tam Maung - အမျိုးသားလွှတ်တော်ကိုယ်စားလှယ်

၁၄။ Pu Pyi Min - အမျိုးသားလွှတ်တော်ကိုယ်စားလှယ်

၁၅။ Pi Khin Shwe Lwin - အမျိုးသားလွှတ်တော်ကိုယ်စားလှယ်

## ချင်းပြည် (Chinland) တရားလွှတ်တော်ချုပ်

ချင်းပြည် (Chinland) ဖွဲ့စည်းပုံအခြေခံဥပဒေအရ (ကြားကာလအတွက်) ချင်းပြည်တရားလွှတ်တော်ချုပ်ကို အောက်ပါအတိုင်း ဖွဲ့စည်းထားပါသည်။

၁။ Pu Thomas Thang No - တရားသူကြီးချုပ်

၂။ Pu Mana Sheing - တရားသူကြီး

၃။ Pu Thang Yen - တရားသူကြီး

**ချင်းပြည်စာရင်းစစ်ချုပ်**

ချင်းပြည် (Chinland) ဖွဲ့စည်းပုံအခြေခံဥပဒေအရ စာရင်းစစ်ချုပ်ကို အောက်ပါအတိုင်း ချင်းပြည်ကောင်စီက ခန့်ထားပါသည်။

၁။ Pu Chan Ham - စာရင်းစစ်ချုပ်

**သုံးသပ်တင်ပြခြင်း**

၂၀၂၃ ဒီဇင်ဘာ (၄) ရက်နေ့မှ (၇) ရက်နေ့အထိ ကျင်းပခဲ့သော ချင်းပြည်ကောင်စီညီလာခံတွင် စီစဉ်ထားသည့် ချင်းပြည်ကောင်စီ (Chinland Council) နှင့် ထိုညီလာခံတွင် အတည်ပြုပြဋ္ဌာန်းခဲ့သော ချင်းပြည်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသည့် ချင်းပြည်လွှတ်တော်၊ ချင်းပြည်အစိုးရနှင့် ချင်းပြည်တရားစီရင်ရေးတွင် ပူးပေါင်းပါဝင်မှုကို အောက်ပါအတိုင်း လေ့လာသုံးသပ်နိုင်ပါသည်။

**(က) ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များ ပါဝင်မှုအခြေအနေ**

၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလတွင် ကျင်းပခဲ့သော အထွေထွေရွေးကောက်ပွဲတွင် ချင်းပြည်မှ ရွေးကောက်တင်မြှောက်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း (၃၉) ဦးရှိပါသည်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၉) ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၁၂) ဦးနှင့် ချင်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၈) ဦးတို့ ဖြစ်သည်။

ယင်းလွှတ်တော်ကိုယ်စားလှယ် (၃၉) ဦးအနက် ချင်းပြည်ကောင်စီတွင် ပါဝင်သော လွှတ်တော်ကိုယ်စားလှယ် (၁၇) ဦးရှိပါသည်။ ၎င်းတို့မှာ ပြည်သူ့လွှတ်တော်မှ (၅) ဦး၊ အမျိုးသားလွှတ်တော်မှ (၆) ဦးနှင့် ချင်းပြည်နယ်လွှတ်တော်မှ (၆) ဦးတို့ ဖြစ်သည်။

ချင်းပြည်ကောင်စီတွင် ပါဝင်နိုင်ခြင်းမရှိသေးဘဲ ICNCC တွင် ကျန်ရှိနေသေးသည့် လွှတ်တော်ကိုယ်စားလှယ် (၁၀) ဦးရှိပါသည်။ ၎င်းတို့မှာ ပြည်သူ့လွှတ်တော်မှ (၂) ဦး၊ အမျိုးသားလွှတ်တော်မှ (၃) ဦးနှင့် ချင်းပြည်နယ်လွှတ်တော်မှ (၅) ဦးတို့ဖြစ်သည်။

ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များထဲမှ စစ်ကောင်စီနှင့်ပူးပေါင်းခြင်းမရှိ၊ နွေဦးတော်လှန်ရေးထဲလည်း ထဲထဲဝင်ဝင် ပါဝင်ခြင်းမရှိသော လွှတ်တော်ကိုယ်စားလှယ် (၉) ဦးရှိပါသည်။ ၎င်းတို့မှာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂) ဦးနှင့် ချင်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၇) ဦးတို့ဖြစ်သည်။

နွေဦးတော်လှန်ရေးတွင် ပါဝင်ခြင်းမရှိဘဲ အကြမ်းဖက်စစ်ကောင်စီနှင့်ပူးပေါင်းသော လွှတ်တော်ကိုယ်စားလှယ် (၃) ဦးရှိပါသည်။ ယင်းတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၂) ဦးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၁) ဦးတို့ ပါဝင်ပါသည်။

နွေဦးတော်လှန်ရေးတွင် ပါဝင်နေကြသော လွှတ်တော်ကိုယ်စားလှယ် (၂၇) ဦးအနက် (၁၇) ဦးမှာ ချင်းပြည်ကောင်စီ (Chinland Council) တွင် အပြည့်အဝပါဝင်နေပြီး (၁၀) ဦးမှာ ICNCC တွင် ကျန်ရှိနေသေးကြောင်း တွေ့ရှိနိုင်ပါသည်။

ချင်းပြည်ကောင်စီတွင် ပူးပေါင်းခြင်းမရှိသေးဘဲ ICNCC တွင်ကျန်ရှိနေသေးသော လွှတ်တော် ကိုယ်စားလှယ်များကို မြို့နယ်အလိုက်ထပ်မံဆန်းစစ်ကြည့်ပါက ပြည်သူ့လွှတ်တော်တွင် ဖလမ်းမြို့နယ်မှ (၁) ဦး နှင့် မင်းတပ်မြို့နယ်မှ (၁) ဦးဖြစ်ပြီး အမျိုးသားလွှတ်တော်တွင် ဖလမ်းမှ (၁) ဦးနှင့် တီးတိန်မှ (၂) ဦးတို့ဖြစ်သည်။ ချင်းပြည် လွှတ်တော်မှ ဖလမ်းမှ (၂) ဦး၊ တီးတိန်မှ (၂) ဦးနှင့် မင်းတပ်မှ (၁) ဦးတို့ဖြစ်ပါသည်။ ထို့ကြောင့် ချင်းပြည် ကောင်စီ (Chinland Council) တွင် မပါဝင်နိုင်သေးသော လွှတ်တော်ကိုယ်စားလှယ်များသည် ဖလမ်း၊ တီးတိန် နှင့် မင်းတပ်မြို့နယ်များမှဖြစ်ကြောင်း သုံးသပ်နိုင်ပါသည်။ ထိုမြို့နယ်သုံးခုအနက် မင်းတပ်မြို့နယ်မှ လွှတ်တော် ကိုယ်စားလှယ် (၃) ဦး (အမျိုးသားလွှတ်တော်မှ (၂) ဦး၊ ချင်းပြည်နယ်လွှတ်တော်မှ (၁) ဦး) တို့သည် ချင်းပြည်ကောင်စီ (Chinland Council) တွင် ပါဝင်နေကြသည်ကို တွေ့ရပါသည်။ ထို့ကြောင့် ချင်းပြည်ကောင်စီတွင် အပြည့်အဝမပါ နိုင်သေးသော မြို့နယ်များမှာ ဖလမ်းနှင့် တီးတိန်ဖြစ်ကြောင်း တွေ့ရှိနိုင်ပါသည်။

နွေဦးတော်လှန်ရေးတွင် ပါဝင်နေကြသော ဖလမ်းမြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ် (၄) ဦး (ပြည်သူ့လွှတ်တော်မှ (၁) ဦး၊ အမျိုးသားလွှတ်တော်မှ (၁) ဦးနှင့် ချင်းပြည်နယ်လွှတ်တော်မှ (၂) ဦး) တို့သည် ချင်းပြည်ကောင်စီ (Chinland Council) တွင် မပါဝင်နိုင်ကြသေးသော်လည်း ဖလမ်းမြို့နယ်တခုလုံး ချင်းပြည်ကောင်စီ (Chinland Council) တွင် ပါဝင်ခြင်းမရှိသေးဟု မှတ်ယူ၍ မရပေ။ အကြောင်းမှာ ဖလမ်းမြို့နယ်အတွင်းရှိ CDF- Hualngoram သည် ချင်းပြည်ကောင်စီတွင် ဒေသကိုယ်စားလှယ်များအဖြစ် အပြည့်အဝ ပူးပေါင်းပါဝင်နေကြသောကြောင့်ဖြစ်ပါသည်။ ထို့အပြင် ဖလမ်းမြို့နယ်ရှိ CDF- Zagaitram သည်လည်း ဒေသကိုယ်စားလှယ်အဖြစ် ချင်းပြည်ကောင်စီတွင် ပါဝင်ရန် လျှောက်လွှာတင်ထားပြီးဖြစ်ပါသည်။ မကြာမီ ချင်းပြည်ကောင်စီအဖွဲ့ဝင်များ ဖြစ်ကြပါလိမ့်မည်။

ထိုနည်းတူ တီးတိန်မြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ် (၄) ဦး (အမျိုးသားလွှတ်တော်မှ (၂) ဦး၊ ချင်းပြည်နယ်လွှတ်တော်မှ (၂) ဦး) တို့သည် ချင်းပြည်ကောင်စီ (Chinland Council) တွင် ပါဝင်နိုင်ခြင်းမရှိသေးသော်လည်း တီးတိန်မြို့နယ်ထဲမှ CDF/CDM Siyin ဒေသကိုယ်စားလှယ်အဖြစ် ပါဝင်ကြောင်း တွေ့ရှိနိုင်သည်။ ထို့ကြောင့် တီးတိန်မြို့နယ်တခုလုံး ချင်းပြည်ကောင်စီ (Chinland Council) တွင် ပါဝင်ခြင်းမရှိသေးဟု ပြော၍ ရမည်မဟုတ်ပါ။ ချင်းပြည်ကောင်စီ (Chinland Council) တွင် ချင်းပြည်နယ် မြို့နယ် (၉) မြို့နယ်စလုံး ပူးပေါင်းပါဝင်လျက်ရှိနေပါသည်။

## ၂၀၂၀ ပြည်နှစ် အထွေထွေရွေးကောက်ပွဲ
## ရွေးကောက်ခံကိုယ်စားလှယ်များ စာရင်း
## ချင်းပြည်နယ်

| | | | | |
|---|---|---|---|---|
| ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် | | | | |
| ၁ | ဦးပြောင်ဆွင်းမုန် | တီးတိန် | NLD | SAC |
| ၂ | ဒေါ်ကျိန်ငိုက်မန် | တွန်းဇံ | ZCD | SAC - UEC |
| ၃ | ဒေါက်တာဆလိုင်းရီယန်းဖဲလ် | ဖလမ်း | NLD | ICNCC |
| ၄ | ဦးညွန့်ဝင်း | ကန်ပက်လက် | NLD | Chinland Council |
| ၅ | ဦးနေလင်းအောင် | မင်းတပ် | NLD | ICNCC |
| ၆ | ဦးစိန်အောင် | ပလက်ဝ | NLD | Chinland Council<br>(Minister, Chinland Govt) |
| ၇ | ဦးရာလ်ပဲန်း | မတူပီ | NLD | Chinland Council |
| ၈ | ဦးစီဇာကျုံး | ထန်တလန် | NLD | Chinland Council |
| ၉ | ဦးတီလ်လိန်း | ဟားခါး | NLD | Chinland Council |
| အမျိုးသားလွှတ်တော် ကိုယ်စားလှယ် | | | | |
| ၁ | ဦးဟန်ခန့်လျန်း | အမှတ် (၁) | NLD | ICNCC |
| ၂ | ဦးထန်ဒိုးကျင့် | အမှတ် (၂) | NLD | ICNCC |
| ၃ | ဦးကျင့်ဆွမ်းမန် | အမှတ် (၃) | NLD | Chinland Council |
| ၄ | ဦးဟဲဒွန် | အမှတ် (၄) | NLD | ICNCC |
| ၅ | ဒေါ်ခင်ဆွေလွင် | အမှတ် (၅) | NLD | Chinland Council |
| ၆ | ဒေါက်တာငိုင်းတမ်မောင်း | အမှတ် (၆) | NLD | Chinland Council |
| ၇ | ဦးဌေ့တင်း | အမှတ် (၇) | NLD | တော်လှန်ရေးလှုပ်ရှားမှုတွင် မပါ |
| ၈ | ဦးပြေမင်း | အမှတ် (၈) | NLD | Chinland Council |
| ၉ | ဦးလားလ်မင်းထန် | အမှတ် (၉) | NLD | Chinland Council<br>(Dy. Chair, Chinland Parliament) |
| ၁၀ | ဦးဟင်နရီဗန်ထီးယူ | အမှတ် (၁၀) | NLD | SAC |
| ၁၁ | ဒေါက်တာအေးအေးငွန် | အမှတ် (၁၁) | NLD | တော်လှန်ရေးလှုပ်ရှားမှုတွင် မပါ |
| ၁၂ | ဦးငွန်ဝုန်း | အမှတ် (၁၂) | NLD | Chinland Council |

| ချင်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် | | | | |
|---|---|---|---|---|
| စဉ် | အမည် | မဲဆန္ဒနယ် | နိုင်ငံရေးပါတီ | လက်ရှိတော်လှန်ရေးကာလ နိုင်ငံရေးစုဖွဲ့မှုတွင် ပါဝင်မှု |
| ၁ | ဦးထန်သွင်းပေါင် | တီးတိန်မြို့နယ် (၁) | NLD | ICNCC |
| ၂ | ဦးမန်ဟင်းဒါးလ် | တီးတိန်မြို့နယ် (၂) | NLD | ICNCC |
| ၃ | ဦးကမ်းခင်းမန် | တွန်းဇံမြို့နယ် (၁) | NLD | Chinland Council |
| ၄ | ဦးပေါင်လွန်းမင့်ထန် | တွန်းဇံမြို့နယ် (၂) | ZCD | တော်လှန်ရေးလှုပ်ရှားမှုတွင် မပါ |
| ၅ | ဦးရာလ်နှင် | ဖလမ်းမြို့နယ် (၁) | NLD | ICNCC |
| ၆ | ဆလိုင်းလျန်လွယ် | ဖလမ်းမြို့နယ် (၂) | NLD | ICNCC |
| ၇ | ဦးကီးအောင် | ကန်ပက်လက်မြို့နယ် (၁) | NLD | Chinland Council |
| ၈ | ဦးဖွေအား | ကန်ပက်လက်မြို့နယ် (၂) | NLD | တော်လှန်ရေးလှုပ်ရှားမှုတွင် မပါ |
| ၉ | ဦးထန်းချွမ်ဖေ | မင်းတပ်မြို့နယ် (၁) | NLD | ICNCC |
| ၁၀ | ဦးဟုန်းနိုင်း | မင်းတပ်မြို့နယ် (၂) | NLD | Chinland Council<br>(Chair, Chinland Parliament) |
| ၁၁ | ဦးစိုးထက် (ခ) ဆလိုင်းမဲလှ | ပလက်ဝမြို့နယ် (၁) | NLD | တော်လှန်ရေးလှုပ်ရှားမှုတွင် မပါ |
| ၁၂ | ဦးမျိုးထပ် (ခ) ဆလိုင်းမျိုးထိုက် | ပလက်ဝမြို့နယ် (၂) | NLD | Chinland Council |
| ၁၃ | ဦးပါထန်း | မတူပီမြို့နယ် (၁) | NLD | Chinland Council<br>(Chief Minister of Chinland) |
| ၁၄ | ဦးဝီကော | မတူပီမြို့နယ် (၂) | NLD | တော်လှန်ရေးလှုပ်ရှားမှုတွင် မပါ |
| ၁၅ | ဦးချန်ဟမ်း | ထန်တလန်မြို့နယ် (၁) | NLD | Chinland Council<br>(Chinland's Auditor General) |
| ၁၆ | ဒေါ်နီရှွေလျန် | ထန်တလန်မြို့နယ် (၂) | NLD | Chinland Council<br>(Minister, Chinland Govt) |
| ၁၇ | ဦးထန်ကျုံး (ခ) ဆန်နီဇာဟိုး | ဟားခါးမြို့နယ် (၁) | NLD | တော်လှန်ရေးလှုပ်ရှားမှုတွင် မပါ |
| ၁၈ | ဦးရှုန်မန်း | ဟားခါးမြို့နယ် (၂) | CNLD | တော်လှန်ရေးလှုပ်ရှားမှုတွင် မပါ |

| အနှစ်ချုပ် | | |
|---|---|---|
| ၁ | ချင်းပြည် ကောင်စီ (Chinland Council) | (၁၇) ဦး |
| ၂ | ကြားကာလ ချင်းအမျိုးသား အတိုင်ပင်ခံကောင်စီ<br>(Interim Chin National Consultative Council) | (၁၀) ဦး |
| ၃ | တော်လှန်ရေးတွင် မပါဝင်သူများ (Non-Participation) | (၉) ဦး |
| ၄ | ရန်သူစစ်ကောင်စီနှင့် လက်တွဲပူးပေါင်းသူများ | (၃) ဦး |

## (ခ) ချင်းပြည်ကာကွယ်ရေးတပ်ဖွဲ့များနှင့် ဒေသအဖွဲ့များကို လေ့လာသုံးသပ်ခြင်း

ချင်းပြည်ကောင်စီ (Chinland Council) တွင် ပူးပေါင်းပါဝင်နေကြသော ချင်းပြည်ကာကွယ်ရေးတပ်ဖွဲ့များ (Chinland Defense Forces) နှင့် ဒေသအဖွဲ့များကို လေ့လာသုံးသပ်ကြည့်ပါက အများစုသည် အတူတူပင်ဖြစ်နေကြသည်ကို တွေ့ရပါသည်။ အကြောင်းမှာ ချင်းပြည်ကာကွယ်ရေးတပ်ဖွဲ့များက မိမိတို့ဒေသအုပ်ချုပ်ရေးများကိုပါ ပူးတွဲစီမံဆောင်ရွက်သောကြောင့်ဖြစ်ပါသည်။

ချင်းပြည်ကောင်စီညီလာခံတွင် ချင်းပြည်ကာကွယ်ရေးတပ်ဖွဲ့များထဲမှ ဖလမ်းမြို့နယ်မှ CNO/CNDF၊ တီးတိန်မြို့နယ်မှ ZFU/ PDF-Zoland နှင့် မင်းတပ်မြို့နယ်မှ CNC- Mindat တို့ ပါဝင်တက်ရောက်နိုင်ခြင်း မရှိကြောင်း တွေ့ရပါသည်။ ယင်းသုံးဖွဲ့သည် နောက်ပိုင်းတွင် "ချင်းညီနောင်သုံးဖွဲ့" အဖြစ် ရပ်တည်ကာ သီးသန့်သဘောထားထုတ်ပြန်ချက်များကို ထုတ်ပြန်ခဲ့ကြောင်း တွေ့ရပါသည်။

ချင်းပြည်ကောင်စီတွင် ထိုမြို့နယ် (၃) ခုမှ ချင်းပြည်ကာကွယ်ရေးတပ်ဖွဲ့များ ပါဝင်နိုင်ခြင်းမရှိသည့် အကြောင်းရင်းကို လေ့လာသုံးသပ်ပါက Chinland Joint Defense Committee (CJDC) ဖြစ်စဉ်တွင် စတင်ကြောင်း တွေ့ရှိနိုင်ပါသည်။ ယင်းဖြစ်စဉ်အနက် ထင်ရှားသောအဖြစ်အပျက်မှာ ဖလမ်းမြို့နယ်မှ CDF-Hualngoram က CJDC အဖွဲ့ဝင်အဖြစ် လျှောက်ထားခြင်းကို CNO/ CNDF မှ ကန့်ကွက်ခဲ့သည်ဟု သိရသည်။ သို့ရာတွင် CJDC တွင် ဆုံးဖြတ်ချက်များကို ဒီမိုကရေစီနည်းအရ အများဆန္ဒဖြင့် ဆုံးဖြတ်သောကြောင့် CDF-Hualngoram ကို CJDC အဖွဲ့ဝင်အဖြစ် လက်ခံခဲ့ကြပါသည်။ ထိုနည်းတူ တီးတိန်မြို့နယ်မှ CDF/CDM Siyin အဖွဲ့ဖြစ်ခြင်းအပေါ်မှာလည်း ပြဿနာ အနည်းနှင့်အများဖြစ်ခဲ့သည်ဟု သိရှိရပါသည်။ အစပိုင်းတွင် ဟားခါးမြို့နယ်မှ CDF- Senthang သီးသန့်ဖြင့် CJDC အဖွဲ့ဝင်အဖြစ် လျှောက်ထားခြင်းအပေါ်မှာလည်း ပြဿနာတက်ခဲ့သည်ဟု သိရပါသည်။

ထိုကဲ့သို့ CJDC တွင် ချင်းပြည်ကာကွယ်ရေးတပ်ဖွဲ့ (CDF) များကို မြို့နယ်အလိုက် လက်ခံမည်လော၊ သို့တည်းမဟုတ် ရှိရှိသမျှသော ချင်းပြည်ကာကွယ်ရေးတပ်ဖွဲ့ (CDF) များကို ဒေသကို အခြေခံ၍ လက်ခံမည်လောဆိုသည့် မြို့နယ်ကိုယ်စားပြုမှုနှင့် ဒေသကိုယ်စားပြုမှုပြဿနာသည် CJDC တခုတည်းတွင်သာ ရင်ဆိုင်နေရသော ပြဿနာမဟုတ်ပေ။ ချင်းတမျိုးသားလုံး ရင်ဆိုင်နေရသော နိုင်ငံရေးဖြစ်စဉ်နှင့် ယခုကာလတွင် တိုးတက်ပြောင်းလဲနေသောအခြေအနေများနှင့်ဆက်စပ်နေပါသည်။ ထို့ကြောင့် ယင်းပြဿနာသည် ချင်းနိုင်ငံရေးသမိုင်း တိုးတက်မှုဖြစ်စဉ်၏ အစိတ်အပိုင်းတခုဖြစ်သည်ဟု ဆိုနိုင်သည်။

ချင်းပြည် (Chinland) ၏ နိုင်ငံရေးဖြစ်စဉ်သမိုင်းကို သေချာစွာ လေ့လာသုံးသပ်ပါက ယခု ချင်းပြည်နယ်တွင်ရှိနေသော မြို့နယ် (၉) ခုသည် ချင်းလူမျိုးများက ဖန်တီးထားသော နိုင်ငံရေးနှင့် အုပ်ချုပ်ရေးစနစ်မဟုတ်ကြောင်း တွေ့ရှိနိုင်သည်။ ချင်းလူမျိုးမဟုတ်သော ပြင်ပမှ အုပ်ချုပ်သူအစိုးရအသီးသီးက ဖန်တီးပြီး ချင်းလူမျိုးများကို အတင်းအဓမ္မကျင့်သုံးခိုင်းထားသော အုပ်ချုပ်ရေးစနစ်များသာ ဖြစ်ပါသည်။ ထို့အပြင် မြို့နယ်နှင့် ခရိုင်အုပ်ချုပ်ရေးစနစ်များသည် ဖက်ဒရယ်စနစ်အရ ဖော်ဆောင်ထားသော အုပ်ချုပ်ရေးစနစ်မဟုတ်ဘဲ ဗဟိုဦးစီးစနစ်ကို တင်းကျပ်စွာကျင့်သုံးသော တပြည်ထောင်စနစ်ဖြင့် ဖန်တီးထားသော အုပ်ချုပ်ရေးစနစ်သာလျှင်ဖြစ်ကြောင်း လေ့လာသိရှိနိုင်ပါသည်။

မြို့နယ်အုပ်ချုပ်ရေးစနစ်သည် ချင်းလူမျိုးများမဟုတ်သော ပြင်ပမှ အုပ်ချုပ်သူအစိုးရက အပေါ်မှ ဗဟိုဦးစီးစနစ်ဖြင့် ချမှတ်ပေးထားသော အုပ်ချုပ်ရေးစနစ်ဖြစ်သောကြောင့် ချင်းလူမျိုးများ၏ ပကတိအခြေအနေကို ထင်ဟပ်ပေါ်လွင်အောင် ဖော်ဆောင်နိုင်ခြင်းမရှိပေ။ ချင်းလူ့အဖွဲ့အစည်းသည် မျိုးနွယ်စု (Tribal Group) ကို အခြေခံသောကြောင့် ချင်းမျိုးနွယ်စုများ၏ပကတိတည်ရှိမှုကို လေးစားတန်ဖိုးထားရန်လိုအပ်ပါသည်။ သို့သော် မြို့နယ်အုပ်ချုပ်ရေးစနစ်နှင့် မြို့နယ်နယ်နိမိတ်များသည် ထိုမျိုးနွယ်စု (Tribal) များ တည်ရှိမှုကို လုံးဝဥသုံ ဥပေက္ခာပြုထားသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။

မြို့နယ်အုပ်ချုပ်ရေးစနစ်က ယင်းချင်းမျိုးနွယ်စု (Tribal Group) များ တည်ရှိမှုကို မည်ရွေ့မည်မျှ ဥပေက္ခာပြုကြောင်း ဥပမာတချို့ကို တင်ပြချင်ပါသည်။

**ဥပမာ (၁) Hualngoram**

Hualngo မျိုးနွယ်စုများသည် ချင်းပြည်တွင် ဖလမ်းမြို့နယ်၊ တီးတိန်မြို့နယ်နှင့် တွန်းဇံမြို့နယ်များတွင်သာမက စစ်ကိုင်းတိုင်း ကလေးမြို့နယ်တွင်ပါ ကျယ်ပြန့်စွာ ဖြန့်ကျက်နေထိုင်ကြသော ချင်းမျိုးနွယ်စုတခု ဖြစ်ပါသည်။ သူတို့၏နယ်မြေသည် တဆက်တစပ်တည်းရှိသည့်အပြင် သီးခြားဒေသန္တရစကားကို ပြောဆိုသော မျိုးနွယ်စုလည်း ဖြစ်ပါသည်။ ထိုမျိုးနွယ်စုများ Hualngoram နယ်နိမိတ်အတွင်း တစုတစည်းတည်း အတူတကွ နေထိုင်ချင်ကြသည်မှာ သဘာဝကျလှပါသည်။ ယခုအခါ ခွေဦးတော်လှန်ရေးနှင့်အတူ Hualngoram အိပ်မက်ကို သူတို့အကောင်အထည်ဖော်နိုင်ကြပြီဖြစ်သည်။ ယင်းကို ဝမ်းသာအားရကြိုဆိုသင့်ပါသည်။ ချင်းပြည်ကောင်စီဖွဲ့စည်းမှုတွင် Hualngoram (ဖလမ်းမြို့နယ်) ဟု အထက်တွင် ဖော်ပြထားပြီးဖြစ်သည်။ အမှန်စင်စစ် ဖလမ်းမြို့နယ်သာမက တီးတိန်နှင့် တွန်းဇံမြို့နယ်များလည်း သူတို့၏နယ်နိမိတ်တွင် ပါဝင်ကြောင်းနှင့် ထိုမြို့နယ်များရှိ Hualngo မျိုးနွယ်စုများသည်လည်း Hualngoram ဒေသကိုယ်စားလှယ်များတွင် အင်ပြည့်အားပြည့် ပါဝင်နေကြကြောင်း တွေ့ရှိနိုင်ပါသည်။

**ဥပမာ (၂) Zangaitram နှင့် ဖလမ်းမြို့နယ်ရှိ အခြားမျိုးနွယ်စုများ**

ဖလမ်းမြို့နယ်အတွင်းရှိ Zangait မျိုးနွယ်စုများသည် ဖလမ်းမြို့နယ်နှင့် စစ်ကိုင်းတိုင်းမှ ကလေးမြို့နယ်များတွင် ဖြန့်ကျက်နေထိုင်ကြသော ချင်းမျိုးနွယ်စုတခုပင်ဖြစ်ပါသည်။ ယခုအခါ ချင်းပြည်ကောင်စီတွင် အဖွဲ့ဝင်အဖြစ် လက်ခံရန် အဆင်သင့်ဖြစ်ကြောင်း အထက်တွင် ဖော်ပြခဲ့ပြီးဖြစ်ပါသည်။

ထိုနည်းတူ ဖလမ်းမြို့နယ်အတွင်းနှင့် အခြားသော မျိုးနွယ်စုများ - ဥပမာ Ngawn၊ Khualsim နှင့် Zahau စသည်တို့လည်း ရှိပါသေးသည်။ ဖက်ဒရယ်စနစ်အရ ဖော်ဆောင်မည့် အနာဂတ်ချင်းပြည်တွင် ထိုမျိုးနွယ်စုများ၏ ဒေသန္တရအုပ်ချုပ်ရေး (Local Government) များကို စနစ်တကျဖော်ဆောင်ကျင့်သုံးရန် လိုအပ်မည်ဖြစ်ပါသည်။

**ဥပမာ (၃) Mara မျိုးနွယ်စု**

မရာမျိုးနွယ်စုများသည် အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်နယ်ရှိ Saiha နှင့် Tuipang ဒေသတွင် အများစုနေထိုင်ကြပြီး ချင်းပြည်နယ်တွင် ထန်တလန်မြို့နယ်၊ မတူပီမြို့နယ်နှင့် ပလက်ဝမြို့နယ်များတွင် အခွဲခံနေကြသော ချင်းမျိုးနွယ်စုတခုဖြစ်ပါသည်။ Mara နယ်သည် ကျယ်ပြန့်သည့်အားလျော်စွာ လူဦးရေလည်း အတော်အတန်များသော ချင်းလူမျိုး မျိုးနွယ်စုထဲတွင် ကြီးမားသည့်မျိုးနွယ်စုတခုဖြစ်ပါသည်။ ယခုအခါ CDF- Mara ပေါ်ပေါက်ပြီးနောက် မြို့နယ် (၃) ခုတွင် တဆက်တစပ်တည်းနေထိုင်ကြသော Mara Local Government ပုံစံကို စနစ်တကျဖော်ဆောင်နိုင်ရေးအတွက် CDF- Mara သည် ချင်းပြည်ကောင်စီတွင် အဖွဲ့ဝင်အဖြစ်ပါဝင်ဆောင်ရွက်လျက်ရှိနေကြပါသည်။

**ဥပမာ (၄) Daai မျိုးနွယ်စု**

Daai မျိုးနွယ်စုသည် လက်ရှိချင်းပြည်ရှိ မတူပီမြို့နယ်၊ မင်းတပ်မြို့နယ်၊ ကန်ပက်လက်မြို့နယ်နှင့် ပလက်ဝမြို့နယ်တို့တွင် ကျယ်ပြန့်စွာ နေထိုင်ကြသော ချင်းလူမျိုး မျိုးနွယ်စုတခုဖြစ်ပါသည်။ ယခု ချင်းပြည်ကောင်စီတွင် CDF- Daai (ပလက်ဝ) ဟုသာ ဖော်ပြထားသော်လည်း ကျန်မြို့နယ် (၃) ခုမှ Daai မျိုးနွယ်စုများလည်း ယင်း CDF- Daai တွင် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိနိုင်ပါသည်။

**ဥပမာ (၅) Thado မျိုးနွယ်စု**

ချင်းမျိုးနွယ်စုထဲမှ Thado မျိုးနွယ်စုအများစုသည် အိန္ဒိယနိုင်ငံ Manipur ပြည်နယ်တွင် နေထိုင်ကြပြီး မြန်မာနိုင်ငံတွင် ချင်းပြည်၊ တွန်းဇံမြို့နှင့် စစ်ကိုင်းတိုင်း တမူးမြို့နယ်တို့ရှိ တဆက်တစပ်တည်းရှိသောနယ်မြေတွင် နေထိုင်ကြပါသည်။ ချင်းအမျိုးသားတပ်ဦး၏ဖွဲ့စည်းပုံတွင် Thado မျိုးနွယ်စုများကို ဒေသန္တရကိုယ်စားလှယ်များအဖြစ် လက်ခံထားပြီးဖြစ်ပါသည်။ ယခုအခါ CDF- Thado ကို အခိုင်အမာတည်ဆောက်ပြီး Thado ဒေသအုပ်ချုပ်ရေးအဖွဲ့ကို စနစ်တကျဖော်ဆောင်နိုင်သောအခါ ချင်းပြည်ကောင်စီတွင် အဖွဲ့ဝင်အဖြစ် လက်ခံအသိအမှတ်ပြုရန် အဆင်သင့်ဖြစ်ကြောင်း ဖော်ပြလိုပါသည်။

**ဥပမာ (၆) အခြားမျိုးနွယ်စုများ**

အထက်ဖော်ပြပါဥပမာများတွင် သီးသန့်ဖော်ပြခြင်းမရှိသော ချင်းမျိုးနွယ်စုများ ရှိပါသေးသည်။ ထိုသို့သီးသန့်မဖော်ပြသော မျိုးနွယ်စုများမှာ မြို့နယ် နှစ်ခုသုံးခုအကြား ခွဲခြားထားခြင်းမရှိဘဲ မြို့နယ်တခုအတွင်း စုပြုံထည့်သွင်းခြင်းခံရသည့် မျိုးနွယ်စုများဖြစ်ကြသည်။ ဥပမာ ထန်တလန်မြို့နယ်မှ Zaphei နှင့် Lautu၊ မတူပီမြို့နယ်မှ Zothung၊ ဟားခါးမြို့နယ်မှ Senthang စသည့်မျိုးနွယ်စုများသည် သက်ဆိုင်ရာချင်းကာကွယ်ရေးတပ်ဖွဲ့များကို စနစ်တကျ ဖွဲ့စည်းပြီး ဒေသန္တရအုပ်ချုပ်ရေးများကို စနစ်တကျ ဖော်ပြထားသောကြောင့် Chinland Council တွင်အဖွဲ့ဝင်ဖြစ်နေကြပြီဖြစ်သည်။ တချို့မှာ အဖွဲ့ဝင်ဖြစ်ရန် အဆင်သင့်ဖြစ်နေကြပါသည်။

တချို့မျိုးနွယ်စုများသည် သက်ဆိုင်ရာမျိုးနွယ်စုကိုအခြေခံ၍ သီးသန့်ကာကွယ်ရေးတပ်ဖွဲ့များ ဖွဲ့စည်းခြင်းမရှိသည့်အပြင် ဒေသန္တရအုပ်ချုပ်ရေးဖော်ဆောင်ရန်လည်း ဆန္ဒမရှိကြပေ။ လက်ရှိမြို့နယ် နယ်နိမိတ်အတွင်း ဆက်လက်နေထိုင်ချင်သည့်သဘောထားကို ဖော်ပြနေကြပါသည်။ ဥပမာ ဟားခါးမြို့နယ်မှ Zokhua နှင့် Mi-E စသည်တို့ဖြစ်သည်။ ယင်းသည် သက်ဆိုင်ရာလူမျိုးစုများ၏ လွတ်လပ်သောဆန္ဒသဘောထားအရ ရွေးချယ်ပိုင်ခွင့်ရှိသော အခွင့်အရေးသာဖြစ်ပါသည်။ ထို့ကြောင့် ချင်းပြည်ကောင်စီ (Chinland Council) တွင် မြို့နယ်နှင့် ဒေသဟူ၍ အခြေခံစုဖွဲ့မှု နှစ်ခုစလုံးကို လက်ခံထားခြင်းဖြစ်ပါသည်။

## (ဂ) အနာဂတ်ချင်းပြည်၏ နိုင်ငံရေးအလားအလာနှင့် ချင်းခရစ်ယာန်ကောင်စီများ ဖွဲ့စည်းပုံ

၁၉၆၂ ခုနှစ်တွင် ဗိုလ်နေဝင်းဦးဆောင်သော ဗမာ့တပ်မတော်က နိုင်ငံတော်အာဏာကို သိမ်းယူပြီးနောက် တော်လှန်ရေးကောင်စီဦးဆောင်သော စစ်အာဏာရှင်စနစ်၊ မ.ဆ.လပါတီဦးဆောင်သော တစ်ပါတီအာဏာရှင်စနစ်နှင့် န.ဝ.တ/ န.အ.ဖ ဦးဆောင်သော စစ်အာဏာရှင်စနစ်တို့ဖြင့် တိုင်းပြည်ကို ၂၀၁၀ ခုနှစ်အထိ အုပ်ချုပ်ခဲ့ပါသည်။ ထိုကာလတလျှောက်လုံးတွင် တတိုင်းပြည်လုံး ဒီမိုကရေစီစနစ် ဆိတ်သုဉ်းခဲ့ပါသည်။ စစ်အာဏာရှင်စနစ်နှင့် တစ်ပါတီအာဏာရှင်စနစ်အောက်တွင် ပြည်ထောင်စုတဝန်းလုံးတွင် ဒီမိုကရေစီစနစ် ဆိတ်သုဉ်းခဲ့သော်လည်း ချင်းလူ့အဖွဲ့အစည်းအတွင်း ရှင်သန်နေသော ခရစ်ယာန်အသင်းတော်များတွင် ဒီမိုကရေစီစနစ်ကို ပုံမှန်ကျင့်သုံးနိုင်ခဲ့ပါသည်။

ချင်းခရစ်ယာန်အသင်းတော်များသည် သုံးနှစ်တကြိမ် ပုံမှန်ကျင်းပသော (Tri-annual Meeting) များတွင် ကျေးရွာအလိုက် ကျေးရွာအသင်းတော်ကောင်စီများကိုလည်းကောင်း၊ ကျေးရွာများစုစည်း၍ မျိုးနွယ်စုအလိုက်ဖွဲ့စည်းသောအသင်းတော်များနှင့် ပထဝီကိုအခြေခံသော မြို့အမည်ခံအသင်းတော်များ (Baptist Association) များကိုလည်းကောင်း၊ Association များစုစည်း၍ ချင်းတမျိုးသားလုံးအတိုင်းအတာဖြင့် Chin Baptist Convention ကိုသော်လည်းကောင်း အသီးသီး ရွေးချယ်တင်မြှောက်ပွဲများ ဒီမိုကရေစီနည်းကျ ပုံမှန်

ကျင်းပနိုင်ခဲ့ပါသည်။ Chin Baptist Convention သည် ချင်းလူမျိုးကို ကိုယ်စားပြုသောကြောင့် ချင်းပြည်နယ် ပြင်ပရှိ ချင်းနှစ်ချင်းအသင်းတော်များလည်း ယင်း Chin Baptist Convention တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခွင့်ရရှိကြပါသည်။

ချင်းခရစ်ယာန်အသင်းတော်များ စုဖွဲ့မှုတွင် အခရာအကျဆုံးသောစုဖွဲ့မှုမှာ မျိုးနွယ်စု (Tribal) များကို အခြေခံ၍ဖွဲ့စည်းထားသော Association များနှင့် ပထဝီကိုအခြေခံ၍ မြို့အမည်ဖြင့် ဖွဲ့စည်းသော Association များပင်ဖြစ်ပါသည်။ ထို့ကြောင့် မြို့နယ်နှင့် ဒေသအသီးသီးတွင် ထို Association များ ရှိကြပါသည်။ ဥပမာ ထန်တလန်မြို့နယ်တွင် မြို့အမည်ကိုအခြေခံသော Thantlang Baptist Association of Baptist Churches (TABC) ရှိသလို မျိုးနွယ်စုအမည်များဖြင့် ဖွဲ့စည်းထားသော Zophei Baptist Association (ZPBA)၊ Lautu Baptist Association (LBA)၊ Mara Baptist Association (MBA) များလည်းရှိပါသည်။ ထိုနည်းတူ ဟားခါးမြို့နယ်တွင် မြို့အမည်ကိုအခြေခံ၍ ဖွဲ့စည်းထားသော Haka Baptist Association (HBA) ရှိသလို မျိုးနွယ်စုအမည်ကိုအခြေခံ၍ ဖွဲ့စည်းထားသော Senthang Baptist Association (SBA) ရှိပြီး မတူပီမြို့နယ်တွင် မြို့အမည်ကိုအခြေခံ၍ ဖွဲ့စည်းထားသော Matupi Baptist Association (MBA) နှင့် မျိုးနွယ်စုအမည်ကို အခြေခံ၍ ဖွဲ့စည်းထားသော Zotung Baptist Association (ZBA) စသည်တို့ ရှိနေကြပါသည်။

ယခုနွေဦးတော်လှန်ရေးပေါ်ပေါက်လာသောအခါ ချင်းပြည်ကာကွယ်ရေးတပ်ဖွဲ့ (CDF) များသည်လည်း ယင်း Association များ၏ဖွဲ့စည်းရာနယ်မြေများကို အခြေခံ၍ မျိုးနွယ်စုကို အခြေခံ၍လည်းကောင်း၊ မြို့အမည်ကို အခြေခံ၍လည်းကောင်း ဖွဲ့စည်းကြခြင်းဖြစ်ကြောင်း တွေ့ရှိနိုင်ပါသည်။

အနာဂတ်ပြည်ထောင်စုကို ဖက်ဒရယ်ဒီမိုကရေစီစနစ်ဖြင့် ပြန်လည်ထူထောင်ရမည်ဖြစ်သောကြောင့် ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်ဖြစ်သော ချင်းပြည်တွင်လည်း ဖက်ဒရယ်ဒီမိုကရေစီစနစ်ကို ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်နှင့်အညီ အခိုင်အမာ တည်ဆောက်ကျင့်သုံးသွားမည်ဖြစ်ပါသည်။ ဖက်ဒရယ်စနစ်တွင် ပြည်ထောင်စုအဆင့်အစိုးရ၊ ပြည်နယ်အဆင့်အစိုးရများနှင့် ပြည်နယ်အသီးသီးတွင် ပြည်နယ်ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ ဖွဲ့စည်းသည့် ဒေသန္တရအစိုးရများဟူ၍ အစိုးရ (၃) ဆင့်ရှိကြရပေမည်။

ဖက်ဒရယ်ပြည်ထောင်စုအဆင့်တွင် လူမျိုးအမည်ကိုအခြေခံသော ပြည်နယ်များနှင့် ပထဝီအမည်ကို အခြေခံသောပြည်နယ်များ ရှိနိုင်သလို ချင်းပြည်တွင်လည်း မျိုးနွယ်စုကိုအခြေခံ၍ ဖွဲ့စည်းထားသော ဒေသန္တရအစိုးရများနှင့် ပထဝီကိုအခြေခံ၍ မြို့အမည်ဖြင့် ဖွဲ့စည်းသော ဒေသန္တရအစိုးရများဟူ၍ ဒေသန္တရအစိုးရနှစ်မျိုးရှိနိုင်သည်။ သို့ရာတွင် မျိုးနွယ်စုကို အခြေခံ၍ ဒေသန္တရအစိုးရများကို ဖွဲ့စည်းသည်ဖြစ်စေ၊ ပထဝီကို အခြေခံ၍ မြို့အမည်ဖြင့် ဒေသန္တရအစိုးရများကို ဖွဲ့စည်းသည်ဖြစ်စေ၊ ဒေသန္တရအစိုးရအားလုံးသည် နိုင်ငံရေးအာဏာ တန်းတူရည်တူရှိကြရပေမည်။ တပြည်ထောင်စနစ်အရ ဖွဲ့စည်းခဲ့သော ခရိုင်နှင့်မြို့နယ်များတွင် နိုင်ငံရေးအာဏာအဆင့်အတန်း ခွဲခြားခြင်းကို ကျော်ခိုင်း၍ အတိတ်တွင်ထားခဲ့ရပေတော့မည်။ ဖက်ဒရယ်ဒီမိုကရေစီစနစ်အရ အနာဂတ်ချင်းပြည်၏ နိုင်ငံရေးစနစ်ကို ဖော်ဆောင်ရမည်။ ယင်းသည် ချင်းလူမျိုးတို့၏ ပကတိအခြေအနေနှင့်လည်း ကိုက်ညီမှုရှိစေရမည်ဖြစ်ပါသည်။

## အကြံပေးတင်ပြချက်များ

ဤစာတမ်းငယ်ကို အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၏ ယာယီသမ္မတကြီး၏ညွှန်ကြားချက်ကြောင့် ရေးသားတင်ပြခြင်းဖြစ်ပါသည်။ ထို့ပြင် ချင်းပြည်ကောင်စီ (Chinland Council) ဖွဲ့စည်းပြီးနောက်၊ အမျိုးသားညီညွတ်ရေးအစိုးရ၏ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်/ ဖက်ဒရယ်ယူနစ်များအကြား ဆောင်ရွက်ရေးကော်မရှင် (FSCC) အတွင်းတွင်သော်လည်းကောင်း၊ NUCC ၏ Operation Team နှင့် NUG ၏ Coordination Team အစည်းအဝေးများတွင်သော်လည်းကောင်း ချင်းပြည်အရေးနှင့်ပတ်သက်၍ ဆွေးနွေး ညှိနှိုင်းမှုများရှိကြောင်း သိရှိရပါသည်။ ထို့ကြောင့် မိမိ၏ အကြံပေးချက်များသည် အမျိုးသားညီညွတ်ရေးအစိုးရနှင့် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ နှစ်ခုစလုံးကို ရည်ရွယ်ပါသည်။

### (၁) အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ထံသို့ အကြံပေးချက်

အမျိုးသားညီညွတ်ရေးအစိုးရ (NUG) သည် ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်/ ဖက်ဒရယ်ယူနစ်များအကြား ပူးပေါင်းဆောင်ရွက်ရေးကို စနစ်တကျဖော်ဆောင်နိုင်ရန် "ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်/ ဖက်ဒရယ် ယူနစ်များအကြား ပူးပေါင်းဆောင်ရွက်ရေးကော်မရှင်" (FSCC) ကို ဖွဲ့စည်းထားပြီးဖြစ်ပါသည်။ ထို့ကြောင့် NUG အစိုးရအနေဖြင့် ချင်းပြည်ကောင်စီနှင့်ချင်းပြည်အစိုးရတို့နှင့် ပူးပေါင်းဆောင်ရွက်ရေးကို FSCC ၏ ရည် \ရွယ်ချက်နှင့် လုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်သင့်ပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် FSCC အတွင်းရေးမှူးအဖွဲ့က ၎င်း၏လုပ်ပိုင်ခွင့်ဘောင်အတွင်း ချင်းပြည်အစိုးရနှင့် ပဏာမညှိနှိုင်းဆွေးနွေးပွဲများကို ပထမအဆင့်တွင် ဆောင်ရွက်ပြီး၊ ဒုတိယအဆင့် FSCC ကော်မရှင်နှင့် ချင်းပြည်အစိုးရနှင့် ချင်းပြည်ကောင်စီတို့ကို ပူးတွဲတွေ့ဆုံပွဲလုပ်သင့်ပါသည်။

အမျိုးသားညီညွတ်ရေးအစိုးရသည် ပြည်နယ်/ ဖက်ဒရယ်ယူနစ်များ၏ အတိုင်ပင်ခံကောင်စီနှင့် တိုက်ရိုက်တွေ့ဆုံသည့် အစဉ်အလာမရှိသေးပါ။ FSCC အတွင်းရေးမှူးအဖွဲ့က စစ်ကိုင်းတိုင်းရှိအဖွဲ့အစည်းများနှင့် ပဏာမအဆင့် တွေ့ဆုံမှုကိုသာ ဆောင်ရွက်ခဲ့ပါသည်။ ထို့ကြောင့် "ကြားကာလချင်းအမျိုးသားအတိုင်ပင်ခံကောင်စီ" (ICNCC) နှင့် တွေ့ဆုံရေးကိုလည်း FSCC အတွင်းရေးမှူးအဖွဲ့က ပဏာမအဆင့်တွေ့ဆုံမှုများ ပြုလုပ်ပြီး လိုအပ်ပါက FSCC ကော်မရှင်နှင့် တွေ့ဆုံရေးကို ဒုတိယအဆင့်တွင် ဆောင်ရွက်သင့်ပါသည်။

### (၂) NUG နှင့် NUCC ပေါင်း၍ တွေ့ဆုံခြင်းအဆိုပြုချက်အပေါ် အကြံပေးချက်

NUCC အနေဖြင့် ၎င်း၏အဖွဲ့ဝင်အဖွဲ့အစည်းများဖြစ်သော ICNCC နှင့်တွေ့ဆုံရန် လိုအပ်နေခြင်း၊ CNF က NUCC အဖွဲ့ဝင်အဖြစ် တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများအစုအဖွဲ့ (ERO) အနေဖြင့် ပါဝင်ရန် လျှောက်ထားခြင်းကို ပြည်သူ့ညီလာခံမတိုင်ခင် ဆောင်ရွက်ရန် လိုအပ်သောကြောင့် ချင်းပြည်ကောင်စီနှင့်လည်းကောင်း၊ ICNCC နှင့်လည်းကောင်း တွေ့ဆုံရန် လိုအပ်လျက်ရှိကြောင်း သိရှိပါသည်။ ထိုသို့တွေ့ဆုံရန်လည်း NUG နှင့် NUCC ပူးပေါင်း၍ ချင်းပြည်ကောင်စီနှင့် ICNCC တို့ကို တွေ့ဆုံရန် အဆိုပြုထားပါသည်။

မိမိ၏အကြံပေးလိုသည့်အချက်မှာ NUG နှင့် NUCC ပေါင်း၍ ချင်းပြည်အဖွဲ့အစည်းများကို တွေ့ဆုံပါက NUG ကိုယ်စား FSCC မဟုတ်ဘဲ NUG ၏ NUG-NUCC Coordination Team နှင့်သာတွေ့ဆုံသင့်ကြောင်း အကြံပေးလိုပါသည်။ ထိုသို့တွေ့ဆုံရာတွင်လည်း NUG-NUCC တို့က ချင်းပြည်အဖွဲ့အစည်းများအပေါ် အပေါ်စီးမှ ဖိအားပေး တွေ့ဆုံခြင်းမျိုး မဖြစ်မိစေရန် အထူးသတိထားသင့်ပါသည်။

လက်ရှိချင်းပြည်တွင် ဖြစ်ပေါ်နေသော နိုင်ငံရေးဖြစ်စဉ်သည် ချင်းလူမျိုးတို့၏ အိမ်တွင်းရေးကိစ္စဖြစ်ပြီး ဖြစ်စဉ်တခုလုံးသည်လည်း ချင်းလူ့အဖွဲ့အစည်းအတွင်း ဖြစ်ပေါ်တိုးတက်နေသော နိုင်ငံရေးသမိုင်းဖြစ်စဉ်နှင့် ခွဲခြားမရဘဲ ဆက်စပ်နေပါသည်။ ထို့ကြောင့် ဤပြဿနာသည် အမြင်မတူညီသော လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများအကြားဖြစ်ပေါ်နေသည့် သာမန်ပြဿနာမဟုတ်ပေ။ ချင်းလူ့အဖွဲ့အစည်းအတွင်း ဖြစ်ပျက်နေသည့် နက်ရှိုင်းသော နိုင်ငံရေးသမိုင်းဆိုင်ရာပြဿနာဖြစ်ပါသည်။ ချင်းသမိုင်း၏ အတိတ်နှင့် အနာဂတ်အကြား ဖြစ်ပေါ်နေသော နိုင်ငံရေးတိုက်ပွဲဖြစ်သည်။

အတိတ်တွင် ဗဟိုဦးစီးစနစ်ကို တင်းကျပ်စွာကျင့်သုံးပြီး တပြည်ထောင်စနစ်အလား အတုအယောင် ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းသည့် မြို့နယ်- ခရိုင်အုပ်ချုပ်ရေးစနစ်နှင့် အနာဂတ်တွင် လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကို အခြေခံပြီး ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းမည့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသော ချင်းပြည်အတွင်းရှိ ဒေသန္တရအုပ်ချုပ်ရေးစနစ် (Local Governments) တို့အကြား ထိပ်တိုက်ရင်ဆိုင်မှု နိုင်ငံရေးတိုက်ပွဲတခုဖြစ်ပါသည်။ ထို့ကြောင့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးဖြစ်စဉ်နှင့်အတူ ယင်းပြဿနာကို ဖြေရှင်းရန်အတွက် လိုအပ်သောကာလအပိုင်းအခြားတခုအထိ အချိန်ပေးရန် လိုအပ်ပါသည်။ စိတ်ရှည်သည်းခံရန် လိုအပ်ပါသည်။


NUG နှင့် NUCC တို့အနေဖြင့် ချင်းပြည်ကောင်စီ (Chinland Council)၊ ICNCC တို့နှင့် တွေ့ဆုံမည်ဆိုပါက လုပ်ငန်းဆိုင်ရာကိစ္စများကိုသာ ဦးစားပေးဆွေးနွေးသင့်ပါသည်။ ပဋိပက္ခဖြေရှင်းရေးရှုထောင့်ဖြင့် ကြားဝင်ဖျန်ဖြေရေးကို ချက်ချင်းမဆောင်ရွက်သင့်ပါ။ NUG နှင့် NUCC တို့က ကြားဝင်ဖျန်ဖြေခြင်းကို ချင်းလူမျိုးအချင်းချင်းကြား ညှိနှိုင်းဆောင်ရွက်မှု အဆင်မပြေသောအခါမှသာ ဆောင်ရွက်သင့်ပါသည်။ ယခုအခါ ချင်းပြည်ကောင်စီကလည်း ချင်းညီနောင်သုံးဖွဲ့နှင့်တွေ့ဆုံဆွေးနွေးရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိနေပါသဖြင့် ချင်းလူမျိုးအချင်းချင်းအကြား ညှိနှိုင်းဆောင်ရွက်ခြင်းကို အချိန်ကာလအတိုင်းအတာတခုအထိ စောင့်ဆိုင်းသင့်ကြောင်း အကြံပေးတင်ပြအပ်ပါသည်။

လေးစားစွာဖြင့်

**ဒေါက်တာလျန်မှုန်းဆာခေါင်း**

၂၀၂၄၊ မတ်လ (၁၂) ရက်နေ့

Figure 1 : Map of Chin State, showing the townships



## Figure 2 : Map of Chinland Council in Chinland

TONZANG
Stakeholders:
- ZFU/PDF - Zoland
- CDF - Tonzang
- CNF/ CNA (from this region)
- MPs
- ZRA

CDF-Tonzang and CNF/ CNA participate in Chinland Council.
ZFU/ PDF - Zoland and MPs take no part in Chinland Council.
ZRA sides with SAC.

HUALNGO
Stakeholders:
- HPO/ CDF - Hualngoram
- CNO/ CNDF (from this region)
- ZFU/ PDF - Zoland (from this region)
- CNF/ CNA (from this region)

HPO/ CDF-Hualngoram and CNF/CNA participate in Chinland Council.
CNO/CNDF and ZFU/ PDF - Zoland take no part in Chinland Council.

THANTLANG
Stakeholders:
- CDF Thantlang
- CNF/CNA (from this region)
- MPs

All stakeholders participate in Chinland Council.

ZOPHEI
Stakeholders:
- CDF-Zophei
- CNF/CNA (from this region)

All stakeholders participate in Chinland Council.

LAUTU
Stakeholders:
- CDF-Lautu
- CNF/CNA (from this region)

All stakeholders participate in Chinland Council.

MARA
Stakeholders:
- CDF-Mara
- CNF/CNA (from this region)
- MTC/MDF

CDF-Mara and CNF/CNA participate in Chinland Council.
MTC/MDF does not cooperate with Chinland Council.

MATUPI
Stakeholders:
- CDF-Matupi
- CNF/CNA (from this region)
- MPs

All stakeholders participate in Chinland Council.

ZOTUNG
Stakeholders:
- CDF Zotung
- CNF/CNA (from this region)

All stakeholders participate in Chinland Council.

MINDAT
Stakeholders:
- CNC-Mindat/ CDF-Mindat
- CNF/CNA (from this region)
- MPs

CNF/CNA and MPs participate in Chinland Council.
CNC-Mindat/ CDF-Mindat take no part in Chinland Council.

PALETWA
Stakeholders:
- CDF-Paletwa
- CNF/CNA (from this region)
- MPs

All stakeholders participate in Chinland Council.

DAAI
Stakeholders:
- CDF Daai
- CNF/CNA (from this region)

All stakeholders participate in Chinland Council.

TEDIM
Stakeholders:
- ZFU/ PDF - Zoland
- CNF/ CNA (from this region)
- PDA
- MPs

PDA and CNF/ CNA participate in Chinland Council.
ZFC/ PDF - Zoland and MPs take no part in Chinland Council.
ZRA sides with SAC.

SIYIN
Stakeholders:
- CDF CDM Siyin
- CNF/CNA (from this region)

All stakeholders participate in Chinland Council.

NGAWN
CDF-Ngawn is underway

ZANNIAT
Stakeholders:
- ZPO/CDF Zanniatram
- CNO/CNDF (from this region)
- CNF/CNA (from this region)

CDF-Zanniatram and CNF/CNA participate in Chinland Council.
CNO/CNDF take no part in Chinland Council.

FALAM
Stakeholders:
- CNO/CNDF
- CNF/CNA (from this region)
- MPs

CNF/CNA participate in Chinland Council.
CNO/CNDF and MPs take no part in Chinland Council.

HAKHA
Stakeholders:
- CDF Hakha
- CNF/ CNA (from this region)
- MPs

All stakeholders participate in Chinland Council.

SENTHANG
Stakeholders:
- CDF-Hakha (B2) Senthang
- CDF Senthang
- CNF/A (from this region)

All stakeholders cooperate with Chinland Council.

KANPALET
Stakeholders:
- CDF-Kanpalet
- CNF/CNA (from this region)
- MPs

All stakeholders participate in Chinland Council.

